၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် အတွင်းမြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံခဲ့သည့် နိုင်ငံ(၂၃)နိုင်ငံ ရှိသည့်အနက် အများဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှာစင်္ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယား၊ ဗြိတိန် နိုင်ငံတို့ ဖြစ်ပါသည်။စင်္ကာပူနိုင်ငံသည်အမေရိကန် ဒေါ်လာ ၃,၂၃၂.၀၁၁ သန်းဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံခဲ့၍ ပြင်သစ်နိုင်ငံသည် အမေရိကန် ဒေါ်လာ ၀.၇၉၀ သန်းဖြင့် အနည်းဆုံး ရင်းနှီးမြှုပ်နှံထားပါသည်။

### လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

လူဦးရေစုစုပေါင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၂.၉၁၇ သန်းဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၂.၄၅၀ သန်း ဖြစ်ရာ တစ်နှစ်အတွင်း လူဦးရေ ၀.၄၆၇ သန်း တိုးတက်ခဲ့ပါသည်။ အမျိုးသားဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၅.၄၅ သန်း ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၅.၂၆ သန်း ဖြစ်ရာ ၀.၁၉ သန်း၊ အမျိုးသမီးဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၇.၄၇ သန်း ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၇.၁၉ သန်း ဖြစ်ရာ ၀.၂၇ သန်း အသီးသီးတိုးတက်ခဲ့ပါသည်။ လူဦးရေတိုးတက်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၀.၈၈ ရာခိုင်နှုန်း နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တို့တွင် ၀.၈၉ ရာခိုင်နှုန်းဖြစ်ပါသည်။

**လူဦးရေသိပ်သည်းမှု။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၈.၂ ဦးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၇.၅ ဦး ဖြစ်ပါသည်။

**မြို့ပြလူဦးရေ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၅.၃၆၄ သန်း ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၅.၅၆၀ သန်း ဖြစ်ပါသည်။

**ကျေးလက်လူဦးရေ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၇.၀၈၆ သန်း ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၇.၃၅၇ သန်း ထိမြင့်တက်ခဲ့ပါသည်။

**အာဆီယံဒေသတွင်းနိုင်ငံများနှင့် လူဦးရေအရွယ်အစားနှိုင်းယှဉ်ချက်။** ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခန့်မှန်းလူဦးရေ ၆၄၀ သန်းတွင် ၈.၅ ရာခိုင်နှုန်း ပါဝင်နေပြီး၊ အာဆီယံဒေသတွင်းအဖွဲ့ဝင် နိုင်ငံ ၁၀ နိုင်ငံ (အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ဘရူနိုင်း) တို့တွင် အဆင့်(၅)နေရာတွင်ရှိ၍ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းတို့၏နောက်တွင် ရပ်တည်နေပါသည်။

**အခြေခံအဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှု။** စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ဆောင်ရွက်ခဲ့သည့် အခြေခံ အဆောက်အအုံဆိုင်ရာများဖြစ်သည့် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်မှု၊ ဆက်သွယ်ရေးနှင့် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှုနှင့် ခရီးသွားလုပ်ငန်း စသည်တို့အား တင်ပြအပ်ပါသည်။

**ပုံ(၂-၁၅) လျှပ်စစ်ဓာတ်အားတပ်ဆင်အင်အား**




နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား တပ်ဆင်ထားသည့်အင်အား အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် တပ်ဆင်ထားသည့်အင်အား ၅,၄၃၇ မဂ္ဂါဝပ် ရှိပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၉၅.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါ သည်။ ယခင်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် တွင် တပ်ဆင်ထားသည့် အင်အား ၅,၀၇၅ မဂ္ဂါဝပ် ရှိခဲ့ရာမှ ၃၆၂ မဂ္ဂါဝပ် တိုးတက် တပ်ဆင်နိုင်ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

**လျှပ်စစ်ဓာတ်အားသုံးစွဲမှု။** ပြည်တွင်းလျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ကီလိုဝပ်နာရီ ၉,၄၉၂.၈ သန်းရှိပါသဖြင့် ယခင်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ကီလိုဝပ်နာရီ ၉၃၂.၀ သန်းတိုးတက်ခဲ့ပါသည်။ လျှပ်စစ်မီးရရှိသော ကျေးရွာများမှာ ဒုတိယ (၆)လ ပတ်တွင် ၃၁,၇၂၈ ရွာ မီးလင်းပြီးဖြစ်၍ ၁၁၁ ရွာ ထပ်မံ မီးလင်းခဲ့ ပါသည်။

**ပုံ( ၂-၁၆) လျှပ်စစ်ဓာတ်အားသုံးစွဲမှု**




မန္တလေးတိုင်းဒေသကြီးတွင်မြင်းခြံ(V-Power) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါသဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက် ဖြန့်ဖြူးလျက်ရှိခြင်း၊ မကွေးတိုင်းဒေသကြီးတွင် မြစ်သာရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံအား နိုဝင်ဘာလမှစတင် စမ်းသပ် လည်ပတ်ပြီး ထုတ်လုပ်ခြင်း၊ နိုင်ငံပိုင် လျှပ်စစ်မီးကို ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ ၂ မိုင်ပတ်လည် ကျေးရွာများအထိ တိုးချဲ့ဓာတ်အားပေးနိုင်ခြင်း တို့ကြောင့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်သူများ ပိုမိုသုံးစွဲနိုင် ခဲ့ပါသည်။

ဇာစ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ

**ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု။** တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းလိုင်းများမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လိုင်းပေါင်း ၅၂၁,၅၉၂ ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လိုင်းပေါင်း ၅၁၆,၈၃၁ ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် မတ်လကုန်အထိ မှတ်ပုံတင်စာရင်းအရ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနောမြန်မာလီမိတက်တို့မှ စုစုပေါင်း အရေအတွက် ၄၄,၄၁၈,၀၉၇ ဖြစ်ပါသည်။

**အင်တာနက်အသုံးပြုမှု။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ကုန်တွင် အင်တာနက် အသုံးပြုမှုလိုင်းပေါင်းမှာ Fiber Line, MPT Satellite Terminal, E1 Line, B2B Internet Line, ADSL Line, Dial up Line ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနောမြန်မာလီမိတက်တို့မှ စုစုပေါင်းတပ်ဆင်ပြီး အင်တာနက်လိုင်း အရေအတွက်မှာ လိုင်းပေါင်း ၄၄,၄၃၉,၃၉၁ လိုင်း အသုံးပြုလျက်ရှိပါသည်။ စာတိုက်လုပ်ငန်းတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် အစိုးရစာတိုက်ပေါင်း ၁,၃၇၈ ခု ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၁,၃၈၁ ဖြစ်ပါသည်။

**ကျန်းမာရေးကဏ္ဍ။** ကျန်းမာရေးကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆေးရုံ ၁,၂၁၅ရုံ ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁,၁၉၁ရုံ ဖြစ်ရာ ပြည်သူ့ဆေးရုံ ၂၄ ရုံ

တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင် ခုတင် ၅၄,၈၄၄ လုံး ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၄,၇၀၃ လုံး ဖြစ်ပါသည်။၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆရာဝန် ၄၇,၀၃၀ ဦး ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၅,၁၇၁ ဦး ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သူနာပြု ၃၆,၂၅၁ ဦးဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၄,၂၀၉ ဦး ဖြစ်ပါသည်။

**ပုံ(၂-၁၇) ဆရာဝန်ဦးရေ**




ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အပြည့်အဝ ပေးနိုင်ရန် ဆေးရုံများအား ခုတင်အဆင့်တိုးမြှင့်ခြင်းနှင့် တိုက်နယ်ဆေးရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် လိုအပ်သည့် ဆရာဝန်များအား တိုးချဲ့ခန့်ထားခြင်း၊ ဆေးတက္ကသိုလ်များမှ ဘွဲ့ရ ဆရာဝန်ဦးရေ တိုးတက်မွေးထုတ်နိုင်ခဲ့ခြင်းနှင့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း တို့ကြောင့် ဆရာဝန်ဦးရေ ပိုမိုလာခြင်း ဖြစ်ပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**ပုံ(၂-၁၈) သူနာပြုဦးရေ**




နိုင်ငံတစ်ဝှမ်း အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများ လွှမ်းခြုံနိုင်စေရန်အတွက် ကျေးလက် ကျန်းမာရေးဌာန (၄၀) တိုးချဲ့ ဆောက်လုပ်ခြင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၄) ခု အသစ်တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး သူနာပြုဆရာမများ တိုးမြှင့်ခန့်ထားခြင်းကြောင့် သူနာပြုဦးရေမှာ ၂၀၁၅-၂၀၁၆ ဒုတိယ (၆)လပတ်ကုန်ထက် ပိုမို ရခြင်း ဖြစ်ပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**ပညာရေးကဏ္ဍ။** အခြေခံပညာရေးနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်ကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အစိုးရကျောင်း ၄၆,၁၀၇ ကျောင်းဖြစ်ပြီး၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၅,၄၈၆

ကျောင်း ဖြစ်ရာ ၅၂၁ ကျောင်း တိုးတက်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောင်းသား ဦးရေထောင်ပေါင်း ၈,၉၁၇ ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဦးရေထောင်ပေါင်း ၈,၆၈၅ ဖြစ်ရာ ဦးရေထောင်ပေါင်း ၂၃၂ ဦး တိုးတက်ခဲ့ပါသည်။၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆရာ/ဆရာမ ၃၇၁,၁၅၇ ဦး ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၇၀,၃၅၇ ဦး ဖြစ်ရာ ၈၀၀ ဦး တိုးတက်လာပါသည်။ အဆင့်မြင့်ပညာရေးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောင်း ၁၇၆ ကျောင်း၊ ကျောင်းသား ၈၃၅,၃၆၂ ဦး နှင့် ဆရာ/ ဆရာမ ၂၆,၆၂၅ ဦးဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျောင်း ၁၇၃ကျောင်း၊ ကျောင်းသား ၉၁၉,၄၄၉ ဦးနှင့်ဆရာ/ဆရာမ ၂၆,၆၄၀ ဦး ဖြစ်ရာ ကျောင်း ၃ ကျောင်းတိုးတက်ခဲ့ပြီး၊ ကျောင်းသား ၈၄,၀၈၇ ဦးနှင့် ဆရာ/ဆရာမ ၁၅ ဦး အသီးသီး လျော့နည်းခဲ့ပါသည်။

**ပုံ(၂-၁၉)အခြေခံပညာကျောင်းများအခြေအနေ**




ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန

မူလတန်းလွန် ကျောင်းများကို အလယ်တန်းကျောင်းများအဖြစ် အဆင့်မြှင့်တင်ခြင်းကြောင့် မူလတန်းကျောင်း အရေအတွက် လျော့နည်းသွားခြင်းဖြစ်ပါသည်။ အခြေခံပညာရေးကို လူတိုင်း ပိုမိုလက်လှမ်းမီနိုင်ရန် အထူးသဖြင့် ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများတွင် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လ ပတ်ကုန်တွင် အလယ်တန်းနှင့် အထက်တန်းကျောင်း အရေ အတွက် တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

## ပုံ(၂-၂၀)အခြေခံပညာကျောင်းဆရာများအခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

မူလတန်းပြဆရာ၊ ဆရာမများ ရာထူးတိုးမြှင့်မှုရှိခဲ့ပြီး အသစ်ပြန်လည်ခန့်အပ်မှု မပြုရသေးသည့်အတွက်ဆရာဦးရေ အနည်းငယ် လျော့နည်းခဲ့သော်လည်း နေ့စားလပေး ဆရာ၊ ဆရာမများ ခန့်ထားခြင်းကြောင့် မူလတန်းပြ ဆရာ/ဆရာမများ များစွာလျော့နည်းမှုမရှိခဲ့ပေ။ ကျောင်းသား/ဆရာ အချိုးမျှတရေးအတွက် လိုအပ်လျက်ရှိသော ဆရာ/ဆရာမများကို လုပ်ငန်းခွင်အကြို ဆရာအတတ်သင်နှင့် ပညာရေးတက္ကသိုလ်ဆင်း ဆရာများနှင့် ဖြည့်ဆည်းပေးခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်ကုန်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကုန်ထက် အလယ်တန်းနှင့် အထက်တန်းပြ ဆရာဦးရေမှာ တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။

## ပုံ(၂-၂၁) အခြေခံပညာကျောင်းသားများအခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

အခမဲ့မူလတန်းပညာရေးစနစ် ကျင့်သုံးခဲ့ခြင်း၊ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခြင်း၊ ကျောင်းအပ်နှံခ၊ ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ်အခမဲ့ ပေးဝေခြင်း၊ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ကုန်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်ကုန်ထက် ကျောင်းသားဦးရေ တိုးတက်ခဲ့ ခြင်းဖြစ်ပါသည်။

## ပုံ(၂-၂၂) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များအခြေအနေ




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

ကောလိပ်စုစုပေါင်း (၃) ကျောင်း တိုးတက်ခဲ့ပါသည်။ ကျောင်းသားဦးရေ အနေဖြင့် အဝေးသင် ကျောင်းသားများ အပြည့်အဝ ကျောင်းအပ်နှံမှု မရှိသေးသည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်ကုန်ထက် ကျောင်းသားဦးရေ လျော့နည်းရခြင်း ဖြစ်ပါသည်။

**နိုင်ငံရပ်ခြားခရီးသည်များ။** မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၁.၇ သန်းကျော် ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှု အနည်းငယ် လျော့နည်းခဲ့သော်လည်း သုံးစွဲခဲ့သည့်နိုင်ငံခြားငွေမှာ ယခင်နှစ် အလားတူကာလထက် တိုးတက်ခဲ့ပါသည်။ ခရီးသည်ဝင်ရောက်မှု လျော့နည်းရခြင်းမှာ ကိန်းဂဏန်းများကောက်ယူရာတွင် ကောက်ယူသည့် နည်းစနစ် ပြောင်းလဲလိုက်ခြင်းနှင့် နယ်စပ်ဝင်ပေါက်များမှ ခရီးသည်ဝင်ရောက်မှု လျော့နည်းသွားခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပြည်ပခရီးသည်များ လာရောက်လည်ပတ်ခြင်းကြောင့် ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေများရရှိလာခြင်း၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော လုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာခဲ့ပြီး ဝင်ငွေများ တိုးတက်လာပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ခရီးသွားဧည့်သည်များအတွက် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်များမှ လွယ်ကူလျင်မြန်စွာ ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဝင်ပေါက်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ လေယာဉ်ခရီးစဉ်များ ပိုမိုများပြားလာခြင်း၊ ဝင်ပေါက်များတွင် Online ဗီဇာနှင့် ဆိုက်ရောက်ဗီဇာ ရရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဈေးကွက် မြှင့်တင်ဆောင်ရွက်ပေးခြင်းများကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အခွင့်အလမ်းများ တိုးတက်လျက် ရှိပါသည်။

## ပုံ(၂ - ၂၃) မြန်မာနိုင်ငံသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့် သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ




ခရီးသွားလာရေး လုပ်ငန်းများ စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း၊ တိုးတက်မြင့်မား လာစေရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ခြင်း၊ ခရီးသွားပြပွဲများ ကျင်းပခြင်း၊ ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်နိုင်သော ခရီးစဉ်အသစ်များ ရေးဆွဲခြင်း၊ ပြည်ပ ခရီးသည် များအား ပြည်ဝင်ခွင့် ဗီဇာရရှိရေးနှင့် သက်တမ်း တိုးမြှင့်ပေးရေးအတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဓာတ်မြစ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## ဇယား(၂-၅)

## မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| **လူမှုရေးဖွံ့ဖြိုးတိုးတက်မှု** | | | |
| **လူဦးရေ** | | | |
| စုစုပေါင်း | ထောင်ပေါင်း | ၅၂,၄၅၀ | ၅၂,၉၁၇ |
| ကျား | ထောင်ပေါင်း | ၂၅,၂၅၆ | ၂၅,၄၅၁ |
| မ | ထောင်ပေါင်း | ၂၇,၁၉၄ | ၂၇,၄၆၆ |
| ကျား/မအချိုး | ရာခိုင်နှုန်း | ၉၃ | ၉၃ |
| မြို့ပြ | ထောင်ပေါင်း | ၁၅,၃၆၄ | ၁၅,၅၆၀ |
| ကျေးလက် | ထောင်ပေါင်း | ၃၇,၀၈၆ | ၃၇,၃၅၇ |
| လူဦးရေတိုးနှုန်း | % | ၀.၈၈ | ၀.၈၉ |
| လူဦးရေသိပ်သည်းမှု | တစ်စတုရန်းကီလိုမီတာ | ၇၇.၅ | ၇၈.၂ |
| **အခြေခံအဆောက်အအုံဆိုင်ရာသုံးစွဲမှု** | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၃၀,၃၃၀ | ၃၁,၇၂၈ |
| **ထုတ်လုပ်မှု** | | | |
| ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ကီလိုဝပ်နာရီ (သန်း) | ၈,၅၆၀.၈ | ၉,၄၉၂.၈ |
| ရေနံစိမ်းထုတ်လုပ်မှု | အမေရိကန်စည်(ထောင်) | ၂,၇၇၅.၇၇၀ | ၂,၅၆၃.၂၇၆ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု | ကုဗပေ(သန်း) | ၃၂၈,၁၀၁ | ၃၂၀,၅၃၂ |
| **ဆက်သွယ်ရေး** | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၅၂၁,၅၉၂ | ၅၁၆,၈၃၁ |

ဇယား(၂-၅)အဆုံး

## မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

| | | | |
|---|---|---|---|
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၃၉,၁၁၃,၈၀၃ | ၄၄,၄၁၈,၀၉၇ |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်း | ၃၇,၉၁၀,၀၆၃ | ၄၄,၄၃၉,၃၉၁ |
| စာတိုက် | ခုရေ | ၁,၃၇၈ | ၁,၃၈၁ |
| **ကျန်းမာရေး** | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁,၁၉၁* | ၁,၂၁၅* |
| ခုတင်(နိုင်ငံပိုင်) | ဦးရေ | ၅၄,၇၀၃* | ၅၄,၈၄၄* |
| ဆရာဝန် | ဦးရေ | ၃၅,၁၇၁* | ၄၇,၀၃၀* |
| သူနာပြု | ဦးရေ | ၃၄,၂၀၉* | ၃၆,၂၅၁* |
| **ပညာရေး(အခြေခံ)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၄၅,၄၈၆* | ၄၆,၀၀၇* |
| ကျောင်းသား | ဦးရေ(ထောင်) | ၈,၆၈၅* | ၈,၉၀၇* |
| ဆရာ/ဆရာမ | ဦးရေ | ၃၇၀,၃၅၇* | ၃၇၁,၁၅၇* |
| **ပုဂ္ဂလိက** | | | |
| ကျောင်း | ဦးရေ | ၄၃၈* | ၅၈၅* |
| ကျောင်းသား | ဦးရေ | ၁၀၈,၃၇၅* | ၁၄၀,၈၆၀* |
| ဆရာ/ဆရာမ | ဦးရေ | ၇,၃၅၈* | ၈,၃၄၃* |
| **ပညာရေး(အဆင့်မြင့်)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၁၇၃* | ၁၇၆* |
| ကျောင်းသား | ဦးရေ | ၉၁၉,၄၄၉* | ၈၃၅,၃၆၂* |
| ဆရာ/ဆရာမ | ဦးရေ | ၂၆,၆၄၀* | ၂၆,၆၂၅* |
| **နိုင်ငံရပ်ခြားခရီးသည်များ** | | | |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၂,၀၉၀,၁၃၄ | ၁,၇၇၈,၉၈၅ |

* ဒုတိယ(၆)လပတ် ကုန်အထိ စာရင်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင်ဖြစ်ပေါ်ခဲ့သည့် တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုအနည်းငယ် နှေးကွေးခဲ့ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ၅၁% နှင့် ၇၆% ကြားအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

# အခန်း(၃)

# ကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ

## ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ

**လယ်ယာကဏ္ဍ။** ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အခြေခံ အကျဆုံးကဏ္ဍ၌ ပါဝင်လျက်ရှိရာ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် စိုက်ပျိုးရေး ထွက်ကုန်များ ထုတ်လုပ်မှုမြင့်မားစေရန် ရည်ရွယ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၄,၈၈၇,၆၆၂.၄ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၅.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

လယ်ယာကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၁၀,၄၉၄,၆၇၂.၀ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၀.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁.၂ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍအနေဖြင့် မိုးစပါးစိုက်ပျိုးမှု၌ သီးထပ်စပါး စိုက်ဧကများသည် မိုးဦးကာလ၌ အောင်ရေလုံလောက်စွာ မရရှိခြင်း၊ မိုးနှောင်း၌ မိုးပိုခဲ့ခြင်းနှင့် ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ဧကများလျော့နည်းပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အထွက်များ လျော့နည်းခြင်း ဖြစ်ပါသည်။ နွေစပါးစိုက်ပျိုးမှုတွင် ရေစီးကမ်းပြိုမှုများရှိခြင်း၊ မြောင်းလက်တံများ ပြင်ဆင်နေသည့်အတွက် ဆည်ရေလုံလောက်စွာ မရရှိခြင်း၊ ဆည်ရေသောက် ဧရိယာများတွင် ဆည်ရေ ပေးသော်လည်း တောင်သူများမှ မြေအနားပေးခြင်း၊ နွေစပါး စိုက်ပျိုးရန် စိတ်ဝင်စားမှုမရှိခြင်း တို့ကြောင့် ယခင်နှစ်ထက် စိုက်ဧက လျော့နည်းခဲ့ပါသည်။

ပဲမျိုးစုံစိုက်ပျိုးမှုတွင် ပြည်ပသို့ တင်ပို့ရောင်းချသည့် ပဲဈေးကွက် ကောင်းမွန်မှုအပေါ် မူတည်၍ စိုက်ပျိုးခြင်းဖြစ်သည့်အတွက် ဆောင်းသီးနှံစိုက်ပျိုးရန် ဌာနဆိုင်ရာများမှ ပံ့ပိုး သော်လည်း တောင်သူများအနေဖြင့် ဈေးကွက်အခြေအနေအရ ပြည်ပပို့ကုန်ဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံတို့ကိုသာ စိတ်ဝင်စားစိုက်ပျိုးသဖြင့် မတ်ပဲနှင့် ပဲစင်းငုံမှအပ ကျန်ပဲများ လျော့နည်းခဲ့ပါ သည်။

ကြက်သွန်နီ၊ နေကြာ၊ ဗာဂျီနီးယား၊ လက်ဖက် စသည့်သီးနှံများ စိုက်ပျိုးမှုအနေဖြင့် ရာသီဥတု ဖောက်ပြန်မှုများကြောင့် ရေကြီးနစ်မြုပ်ခြင်း၊ မိုးလိုမိုးနည်းခြင်းဖြစ်သဖြင့် အထွက် လျော့နည်းခဲ့ရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် စုစုပေါင်း သီးနှံစိုက်ပျိုးမှုတွင် ယခင်နှစ်ကထက် ၅၃၀,၇၃၇ ဧက လျော့နည်းခဲ့ပြီး၊ ရာခိုင်နှုန်း အားဖြင့် ၃.၁ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လယ်ယာကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၃)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

အစီရင်ခံသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ကာလတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ထက် တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

အဓိကအားဖြင့် အဆိုပါတိုင်းဒေသကြီး/ပြည်နယ်များအနက် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေ တို့တွင် အစေ့ထုတ်ပြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဖူးစားပြောင်းထွက်ရှိမှုမှာ အထွက်တိုး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာစနစ်တကျ

အချိန်ကိုက်အချိုးကျ သုံးစွဲခြင်း၊ ပိုးမွှားရောဂါ စနစ်တကျ ကာကွယ်နှိမ်နင်းခြင်းနှင့် စီးပွားဖြစ် စိုက်ပျိုးသောကြောင့် အထွက်တိုးရခြင်း ဖြစ်ပါသည်။

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် မတ်ပဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ပဲစင်းငုံစိုက်ပျိုးမှုတို့၌ မြေဩဇာကောင်းနှင့် အထွက်ကောင်းမျိုးများ သုံးနိုင်ခဲ့ခြင်းကြောင့် အထွက်ပိုမိုရခြင်း ဖြစ်ပါသည်။ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ကြက်ပေါင်စေး အပင်ပျိုများမှ အစေးလိုးကေ ပိုမိုများပြားလာသဖြင့် အထွက်ပိုမိုထွက်ရှိခဲ့ပါသည်။

အစီရင်ခံသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကာလတွင် တိုင်းဒေသကြီး/ ပြည်နယ် ၉ ခုတို့မှာ လျော့နည်း အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုသို့လျော့နည်းရခြင်းမှာ ယင်းတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးဦးစိုက်သီးနှံများမှာ မိုးဦးနောက်ကျသည့်အပြင် မိုးလယ်၊ မိုးနှောင်းကာလတို့၌ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ ချောင်းရေတိုက်စားမှုကြောင့် မြေပြိုခြင်း၊ လယ်ယာမြေကို အခြားနည်း အသုံးပြုခြင်းတို့ကြောင့် စိုက်ပျိုးထွက်ရှိမှုများ လျော့နည်းခဲ့ပါသည်။

ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စပါးစိုက်ပျိုးထွက်ရှိမှု၌လည်းကောင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အစေ့ထုတ်ပြောင်း စိုက်ပျိုးထွက်ရှိမှု၌လည်းကောင်း၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် ဖူးစားပြောင်း စိုက်ပျိုး ထွက်ရှိမှု၌လည်းကောင်း လျော့နည်း ထွက်ရှိခဲ့ပါသည်။

ထို့ပြင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပဲအမျိုးမျိုးစိုက်ပျိုးထွက်ရှိမှု ၌လည်းကောင်း၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နှမ်းသီးနှံ စိုက်ပျိုးထွက်ရှိမှု၌လည်းကောင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကြက်သွန်နီ စိုက်ပျိုး ထွက်ရှိမှု၌လည်းကောင်း လျော့နည်းထွက်ရှိခဲ့ပါသည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍ ဖွံ့ဖြိုးရေး ဆောင်ရွက်တွင် ပြည်တွင်း စားသုံးမှုဖူလုံရေး၊ ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး၊ ပြည်ပပို့ကုန်များ ဝင်ငွေတိုးတက်ရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၆,၅၂၃,၀၉၄.၂ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၃.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၃-၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၆၀၈,၄၃၉.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၅.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁.၃ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်းအသားထုတ်လုပ်မှု ပိဿာ ၁,၈၀၆.၄ သန်း ထုတ်လုပ်ရန် လျာထားခဲ့ရာ ဒုတိယ(၆)လပတ်တွင် ပိဿာ ၈၀၂.၃ သန်းကို ထုတ်လုပ်နိုင်ခဲ့သဖြင့် ၄၇.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ စုစုပေါင်း ဥထုတ်လုပ်မှုအနေဖြင့် လုံးရေ ၁၂,၂၃၈.၄ သန်း ထုတ်လုပ်ရန်လျာထားခဲ့ရာ လုံးရေ ၆,၃၄၄.၂ သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ၅၀.၂ ရာခိုင်နှုန်း

အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ စုစုပေါင်း ငါး၊ ပုစွန်ထုတ်လုပ်မှုအား ပိဿာ ၃,၄၀၃.၉ သန်း ထုတ်လုပ်ရန် လျာထားခဲ့ပါသည်။ ဒုတိယ(၆)လပတ်တွင် စုစုပေါင်း ငါး၊ ပုစွန်ထုတ်လုပ်မှုသည် ပိဿာ ၁,၉၀၆.၆ သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ၅၆.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ပုလဲ ထုတ်လုပ်မှုအနေဖြင့် မိုမီထောင်ပေါင်း ၃၃၄ ထုတ်လုပ်ရန်လျာထားခဲ့ရာတွင် မိုမီထောင်ပေါင်း ၃၇၅.၇ ထုတ်လုပ်နိုင်ခဲ့ဖြင့် ၁၁၂.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

သားငါးကဏ္ဍအနေဖြင့် ပထမ(၆)လပတ်ကာလအတွင်း သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုများကြောင့် တိရစ္ဆာန်များ၊ ငါး/ပုစွန်ကန်များနှင့် ရေလုပ်ငန်း သုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ သစ်ပင်သစ်တောနှင့် သဘာဝဒီရေတောများ လျော့ပါး ပြုန်းတီးလာပြီး ဂေဟစနစ် ယိုယွင်းလာခြင်း၊ ဩဇာဓါတ်ကြွယ်ဝသော ကမ်းဦးရေတိမ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ရေပြင်များတွင် သဲနုန်းများပို့ချသဖြင့် သဘာဝ အာဟာရပေါကြွယ်မှု လျော့ပါး လာ၍ ငါး၊ ပုစွန် ရှင်သန်ကြီးထွားနှုန်း နည်းပါးပြီး ထုတ်လုပ်မှုများ လျော့နည်းလာရခြင်း၊ ရာသီဥတုကြောင့် ငါးဖမ်းစက်လှေများ လုပ်ငန်းဆောင်ရွက်မှုမရှိဘဲ ရပ်နားထားရခြင်း တို့ကြောင့် လည်း တိုးတက်မှုနှုန်း အနည်းငယ်လျော့နည်းသည်ကို တွေ့ရှိရပါသည်။

သားငါးထွက်ပစ္စည်းများအား နိုင်ငံခြားတင်ပို့နိုင်မှုမှာ တိရစ္ဆာန်ထွက်ပစ္စည်းအနေဖြင့် အမေရိကန်ဒေါ်လာ ၅.၆ သန်းဖိုး၊ ရေထွက်ပစ္စည်းများအနေဖြင့် အမေရိကန်ဒေါ်လာ ၃၄၅.၂ သန်းဖိုး တင်ပို့နိုင်ခဲ့ပါသည်။ ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေသော ရေထွက် ပစ္စည်းများကို ပြည်ပမတင်ပို့မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ စစ်ဆေးပေးလျက် ရှိရာတွင် ရေထွက်ပစ္စည်းများဖြစ်သည့် ရေချိုပုစွန်၊ ရေချိုငါး၊ ရေငန်ပုစွန်၊ ရေငန်ငါး၊ ဂဏန်း၊ ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့်နှင့် အခြား စုစုပေါင်း ၇၀,၄၄၃.၇၉ တန်ကို အရည်အသွေး စစ်ဆေးပေးခဲ့ပါသည်။

ကာကွယ်ဆေးအမျိုးမျိုး ထိုးနှံခြင်းတွင် ကြိမ်ရေ ၁၄.၉၄၄ သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ ၂.၃၅၄ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်းမျိုးသန့် ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်မှုတွင် ကြိမ်ရေ ၂၀,၇၁၅ ၊ စနစ်တကျ သဘာဝသားစပ်မှုတွင် ကြိမ်ရေ ၉၆,၉၄၂ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်းမျိုးသန့် ပြန့်ပွားရေးအတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်တို့မှ မျိုးရည်ခဲချောင်း အဆ ၄၂.၇၂၀ သန်းအား ထုတ်လုပ်ခဲ့ပါသည်။ မျိုးရည်ခဲချောင်းများ ထိန်းသိမ်း ထားသိုနိုင်ရန်အတွက် နိုက်ထရိုဂျင် အရည်လီတာ ၁၈.၁၇၀ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

ကျေးလက်အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေ တိုးပွားစေရန်အတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၂,၁၀၇ ရွာ၊ ငွေကျပ် ၆၃.၂၁ ဘီလီယံဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပြီး ဒုတိယ (၆) လပတ်တွင် ကျန်ရှိနေသော ကျေးရွာ ၁၀၇ ရွာကို ငွေကျပ် ၃.၂၁ ဘီလီယံဖြင့် ဆက်လက် အကောင်အထည် ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသားပေါက် ထုတ်လုပ်မှုတွင် ကောင်ရေ ၁,၅၃၆.၃ သိန်း ထုတ်လုပ်၍ ငါးမျိုးကောင်ရေ ၁,၄၄၁.၆၁ သိန်း ဖြန့်ဖြူးရောင်းချပေးခြင်းတို့ကို ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၆)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် များသောအားဖြင့် တိုးတက်မှုရှိ၍ အချို့တိုင်းဒေသကြီး၊ ပြည်နယ် အနည်းငယ်သာ လျော့နည်းသည်ကို တွေ့ရှိရပါသည်။ ရေထွက်ပစ္စည်းအဓိကထုတ်လုပ်သည့် ဒေသများအနက် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လျော့နည်းခဲ့ပါသည်။

ရခိုင်ပြည်နယ်အနေဖြင့် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်နှင့် နှိုင်းယှဉ်ပါက ၃.၃% လျော့နည်းပါသည်။ မွေးမြူရေးနည်းပညာနှင့် နည်းစနစ် များ ပြောင်းလဲတိုးတက်လာပြီး မွေးမြူမှု ဖမ်းဆီးလုပ်ကိုင်မှုများ တိုး၍ ပိုမိုလုပ်ကိုင်လာကြခြင်း၊ သဘာဝဒီရေဖြင့် ပါရှိလာသော သားပေါက်များ ဝင်ရောက်လာမှုကို တာရိုးဆည်ဖို့ ပိတ်လှောင် မွေးမြူရေးစနစ် (Trap and Hold or Extensive System) မှ သားပေါက်ထည့်သွင်း မွေးမြူသည့်စနစ် (Extensive Plus System) သို့ ကူးပြောင်းမွေးမြူလာခြင်းတို့ကြောင့် မွေးမြူရေးပုစွန် ထုတ်လုပ်မှုများ တိုးတက် ထုတ်လုပ်လာနိုင်ပါသည်။ သို့ရာတွင် သဘာဝ ဘေးအန္တရာယ်နှင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကြောင့် အချို့သော ခရိုင်အတွင်းရှိ ငါးဖမ်းစက်လှေများ (၂)လကျော်နီးပါး လုပ်ငန်းဆောင်ရွက်မှုမရှိဘဲ ရပ်နားထားခဲ့ရခြင်းတို့ကြောင့် ဘုံငါးဖမ်းနှင့် ရေငန်ငါး၊ ပုစွန်ထုတ်လုပ်မှုများသည် အနည်းလျော့နည်းသည်ကို တွေ့ရှိရပါသည်။ တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးခြင်း၊ တိရစ္ဆာန်ရောဂါ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မေထုန်မဲ့ သားစပ်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်း၊ အိန္ဒိယနိုင်ငံထုတ် နို့ပေါင်းစက်များအား ခရိုင် ၃ ခု တွင် ဖြန့်ဝေပေးခဲ့ခြင်းများ ဆောင်ရွက်ပေးခြင်းတို့ကြောင့် အသားကဏ္ဍအနေဖြင့် တိုးတက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၁၁.၁ ရာခိုင်နှုန်း လျော့နည်းသည်ကို တွေ့ရပါသည်။ ပထမ(၆)လပတ်ကာလအတွင်း သဘာဝဘေးကြောင့် တိရစ္ဆာန်များပျက်စီး ဆုံးရှုံးမှုများ ရှိခဲ့ခြင်းကြောင့် ယခု ဒုတိယ(၆)လပတ်ကာလအတွင်း တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းထုတ်လုပ်မှုများ လျော့နည်းခြင်း၊ အင်းများအတွင်း ငါးကြီး ငါးကောင်းများမှာ ရာသီဥတု ပူပြင်းခြင်းတို့ကြောင့် ကြီးထွားမှုလျော့နည်းလာခြင်း၊ ရာသီဥတုဒဏ်ကြောင့် ဘုံငါးဖမ်း လုပ်ငန်းများ မွေးမြူရေးငါး၊ ပုစွန်ထုတ်လုပ်မှုများ လျော့နည်းလာခြင်း၊ ကမ်းဝေးငါးဖမ်း သင်္ဘောစီးရေ လျော့နည်းရခြင်းနှင့် ရာသီဥတု ဆိုးဝါးခြင်းတို့ကြောင့် ရေငန်ငါး၊ ပုစွန်ထုတ်လုပ်မှုများ လျော့နည်းရခြင်းဖြစ်ပါသည်။

**သစ်တောကဏ္ဍ။** ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း မြှင့်တင်ရေးအတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမှုတို့ကို ဖြစ်ပေါ်စေပြီး နိုင်ငံ့စီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉၀,၈၅၀.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၂၃.၀ ရာခိုင်နှုန်း လျော့နည်းရန်ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၇) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၃-၈) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၃၄,၁၄၆.၃ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၃၇.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၆၄.၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောများ ကာကွယ်ထိန်းသိမ်းနိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို

(၁)နှစ် ရပ်နားခဲ့ပါသည်။ ယခုနှစ်တွင် ယခင်နှစ် လက်ကျန်သစ်များကိုသာ ထုတ်လုပ်ခဲ့ခြင်းကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက လျော့နည်းခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း နိုင်ငံပိုင်အခန်းမှ ကျွန်း ၄,၉၁၈ ကုဗတန်နှင့် သစ်မာ ၃,၅၂၄ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများဖြစ်သည့် တိုင်၊ မျော၊ ထင်း၊ မီးသွေး၊ ဝါးနှင့် ကြိမ် အစရှိသည်တို့ကိုလည်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောသယံဇာတထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ကျွန်းစိုရိုက်မှတ်ခြင်း ၈,၁၇၇ ပင်၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း ၁၀၄,၆၈၂ ပင်၊ မွေ့တာမျိုးဆက်ခြင်း ၃၇,၁၁၄ ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်း ၆,၂၂၇ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၁၅,၅၉၅ ဧက၊ ပင်ကျပ်နှုတ်ခြင်း ၁၂,၉၆၄ ဧက၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း ၄၂၀,၁၀၄ ဧက၊ သစ်တောလမ်း ပြင်ဆင်ခြင်း ၁,၃၉၀ မိုင်၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း ၁,၅၅၂ မိုင်၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း ၁,၅၇၀ မိုင်၊ ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း ၁၉၉ စတုရန်းမိုင်နှင့် မီးကာကွယ်ခြင်း ၄၂,၃၄၄ ဧက တို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ခရိုင်အလိုက် သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်း ၆၈ ခရိုင်ကို ရေးဆွဲပြီး သစ်တောထိန်းသိမ်းခြင်း၊ စိုက်ခင်းတည်ထောင်ခြင်း အပါအဝင် သစ်တောလုပ်ငန်း (၁၄) မျိုးကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။

**သစ်တောစိုက်ခင်းများတည်ထောင်ရေး**

သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများဖြစ်သည့် စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲ စိုက်ခင်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးရာသီကာလအတွင်း ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးတည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား သစ်တောစိုက်ခင်းများ တည်ထောင်ခွင့် ပြုလျက်ရှိရာတွင် ပုဂ္ဂလိကကျွန်းစိုက်ခင်း ၂,၄၇၆.၂၆ ဧကနှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း ၁၂,၂၃၀.၇၄ ဧကတို့ကိုလည်း စိုက်ပျိုးတည်ထောင် ခွင့်ပြုနိုင်ခဲ့ပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်အတွင်း ထင်းအစား အခြားလောင်စာ တိုးမြှင့် အသုံးချရေး အတွက် စွမ်းအားမြင့်မီးဖို ၁၃,၉၃၈ လုံး ဖြန့်ဖြူးခြင်း၊ လောင်စာတုံးသုံးစွဲခြင်း ၂,၂၆၁,၂၅၄ တုံး သုံးစွဲခြင်းနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း ၇၃,၂၈၇ တန် သုံးစွဲခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ ရေရရှိရေးလုပ်ငန်းတွင် နုန်းတားဆည် ၂ ခု၊ မိုးရေစုကန် ၃ ခု တည်ဆောက်ခြင်း၊ စိုက်ခင်း အတွင်း ရေကန်ငယ် ၁ ခု တူးဖော်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသည်။

**သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး**

သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု များကို အလေးထားဖိတ်ခေါ်လျက် ရှိပါသည်။ နိုင်ငံပိုင် သစ်အခြေခံ စက်မှုလုပ်ငန်းများ စက်စွမ်းအားမြှင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစု ပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင် လုပ်ငန်းများအဖြစ် ပြောင်းလဲဆောင်ရွက် နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက် ယှဉ်ပြိုင် နိုင်ရန်အတွက် သစ်ထောက်ခံချက်ရရှိရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့်အပြင် တရားမဝင် သစ်ထုတ်လုပ်မှုများကိုလည်း တည်ဆဲဥပဒေများ နှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

"အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ"ကို လက်ရှိအခြေအနေနှင့် လိုက်လျော ညီထွေဖြစ်စေရန် ပြင်ဆင်ရေးဆွဲလျက် ရှိပါသည်။ "မြန်မာ့ရာသီဥတု ပြောင်းလဲရေး ဆိုင်ရာ မူဝါဒ" ကို ဆက်လက်ရေးဆွဲလျက်ရှိပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေဘဲ ရာသီဥတု ပြောင်းလဲမှု ဒဏ်ခံနိုင်သော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် "အမျိုးသားအဆင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာမူဘောင်" ကိုလည်း ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲလျက် ရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး

လုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်း အမိန့်တို့နှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုစိစစ်၍ သဘောထားပေးပို့ခြင်း များကို ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ နော်ဝေနိုင်ငံအစိုးရ စသည်တို့နှင့် ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံအတွင်းရှိ အထူးစီးပွားရေးဇုန်များ၊ စက်မှုလုပ်ငန်းများ အကောင်အထည်ဖော် နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (EIA) အစီရင်ခံစာများ ထုတ်ပြန်ပေးလျက် ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၉)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍအနေဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်နိုင်မှု မြင့်မားခဲ့ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် အကောင်အထည်ဖော်နိုင်မှု လျော့နည်းသည်ကို တွေ့ရှိရပါသည်။

သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန် ရည်ရွယ်ပြီး သစ်တောများ ပြန်လည်ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက် ရှိသကဲ့သို့ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍ**။ နိုင်ငံတော်သည် ဒေသတွင်း စွမ်းအင်ဖူလုံစေရန် ခေတ်မီနည်းပညာများ အသုံးပြုပြီး အလေအလွင့် နည်းပါးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄,၉၀၄,၄၈၆.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း များ**အရ ၁၈.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁၀)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

စွမ်းအင်ကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၂၉၃,၅၂၈.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၆.၄ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၃.၄ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

နိုင်ငံတော်၏ ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များသည် ထုတ်လုပ်သည့်သက်တမ်း ကြာမြင့်လာသဖြင့် အထွက်နှုန်းများ ကျဆင်းလာခြင်း၊ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းလာခြင်း၊ စက်ပစ္စည်းများ လဲလှယ်တပ်ဆင်ရန်အတွက် ထုတ်လုပ်မှု ယာယီရပ်ဆိုင်းထားရခြင်း၊ တွင်းသစ် များ ရှာဖွေတူးဖော်ရာတွင် အခက်အခဲရှိခြင်းတို့ ဖြစ်ပေါ်နေပါသည်။

ဘူမိရူပဗေဒ ကွင်းဆင်းလေ့လာရေးအဖွဲ့များသည် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် လက်ပံတိုဒေသတွင် ဆိုက်စမစ်လိုင်း ကီလိုမီတာ ၇၁.၉၅ နှင့် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာ ဒေသတွင် ဆိုက်စမစ်လိုင်း ကီလိုမီတာ ၁၁၃.၁၅ ကို တိုင်းတာပြီးစီးခဲ့ပါသည်။

ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ် ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင် လျက်ရှိရာ ကုန်းပိုင်းလုပ်ကွက် ၃၀ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၁၈ ခုနှင့် အကျိုးတူပူးပေါင်း ကုမ္ပဏီ ၁၂ ခု၊ စုစုပေါင်းကုမ္ပဏီ ၃၀ ခု၊ ကမ်းလွန်လုပ်ကွက် ၃၈ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၂၀ ခု နှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၂ ခု၊ စုစုပေါင်း ကုမ္ပဏီ ၃၂ ခုတို့မှ ဆောင်ရွက်ခဲ့ ပါသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၆ တွင်း တူးဖော်ရန် ရည်မှန်းခဲ့ရာ ဒုတိယ(၆)လပတ်အတွင်း ၁၈ တွင်း တူးဖော်ခဲ့ပါသည်။

ထို့အပြင် ထိုင်းနိုင်ငံ PTT ကုမ္ပဏီသို့ ရတနာသဘာဝဓာတ်ငွေ့ရေနံမြေ၊ ရဲတံခွန် သဘာဝ ဓာတ်ငွေ့ရေနံမြေနှင့် ဇောတိကသဘာဝဓာတ်ငွေ့ ရေနံမြေတို့မှ ယခင်နှစ်တွင် ကုဗပေ ၁၈၂,၃၃၈ သန်းမှ ယခုနှစ်တွင် ကုဗပေ ၁၈၁,၃၆၂ သန်း ရောင်းချခဲ့ပါသည်။

ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ယခင်နှစ်တွင် ကုဗပေ ၈၆,၄၅၇ သန်းမှ ယခုနှစ်တွင် ကုဗပေ ၇၅,၇၇၂ သန်းဖြစ်သဖြင့် ကုဗပေ သန်း ၁၀,၆၈၅ သန်း လျော့နည်း ပို့လွှတ်ခဲ့ပါသည်။

ရတနာသဘာဝဓာတ်ငွေ့မြေ၊ ဇောတိကသဘာဝဓာတ်ငွေ့ရေနံမြေနှင့် ရွှေ သဘာဝဓာတ်ငွေ့ ရေနံမြေတို့မှ ပြည်တွင်းသုံးစွဲမှုအတွက် ယခင်နှစ်တွင် ကုဗပေ ၅၃,၀၇၄ သန်းမှ ယခုနှစ်တွင် ကုဗပေ ၅၇,၇၇၂ သန်း ပို့လွှတ်ခဲ့ပါသည်။

သဘာဝဓာတ်ငွေ့ကို ယခင်က ပြည်တွင်းသုံးအတွက် တစ်ရက်လျှင် ကုဗပေသန်း ၁၅၀ မှ ၂၀၀ ခန့်သုံးစွဲရာမှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ကုဗပေသန်း၂၂၃ သန်းအထိ သုံးစွဲ နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စွမ်းအင်ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ် ပါသည်-

ပုံ(၃-၁၂)

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

တိုင်းဒေသကြီး/ပြည်နယ်များတွင် ထုတ်လုပ်မှုလျော့နည်းခဲ့ခြင်းမှာ သက်တမ်းကြာမြင့်သော တွင်းအိုတွင်းဟောင်းများဖြစ်သဖြင့် အထွက်နှုန်းများကျဆင်းခြင်း၊ ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေ ထုတ်လုပ်သော်လည်း ထွက်ရှိမှုမရှိခြင်းနှင့် ရဲတံခွန် သဘာဝဓာတ်ငွေ့ ရေနံမြေမှ အထွက်နှုန်းများ ကျဆင်းခြင်း၊ ရတနာ သဘာဝဓာတ်ငွေ့မြေ၊ ရွှေသဘာဝဓာတ်ငွေ့မြေနှင့် ဇောတိက သဘာဝဓာတ်ငွေ့မြေတို့တွင် စက်ပစ္စည်းများ လဲလှယ်ခြင်းကြောင့် ထုတ်လုပ်မှုများ ယာယီရပ်ဆိုင်းရခြင်းတို့ကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ သတ္တုတွင်းဌာနမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးအတွက် မူဝါဒများချမှတ်၍ သတ္တုနှင့် တွင်းထွက်ပစ္စည်းများကို ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် အကြီးစား၊ အသေးစား လုပ်ကွက်များအား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုပြီး နိုင်ငံတော်အတွက် ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားသုံးငွေများ ရှာဖွေဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉၄၄,၆၅၀.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၄)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၄၇၅,၆၃၀.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၀.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၈.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အဓိကသတ္တုများဖြစ်သော ခဲမဖြူ အဖြိုက်နက်ကို ကယားပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီး၊ ရွှေကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်း၊ ခနောက်စိမ်းသတ္တုရိုင်းကို ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ကျောက်မီးသွေးကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်စိမ်းကို ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မျက်ရတနာကို ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တောင်ပိုင်း တို့ရှိ လုပ်ကွက်များမှ ထုတ်လုပ်ခဲ့ပါသည်။

ကျောက်စိမ်း၊ ကျောက်မျက်အရောင်းထည်များကို ရတနာခွန်ပေးဆောင်ပြီး ပြည်ပနိုင်ငံ များသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် One Stop Service Center များကို မန္တလေး၊ ရန်ကုန်နှင့် မြစ်ကြီးနားတို့တွင် ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။ နောင်တွင် One Stop Service Centre များနေရာတွင် Gems Trading Centre (GTC) များကို မန္တလေး၊ ရန်ကုန်၊ နေပြည်တော်၊ မြစ်ကြီးနား၊ မိုးကုတ်တို့တွင် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ကျောက်မျက်ရတနာ ထုတ်လုပ်သည့် စက်ရုံများ၊ အရောင်းဆိုင်များပါဝင်သည့် နေပြည်တော်၊ ရွှေကြာပင် ရတနာဈေးကို တည်ထောင်၍ ကမ္ဘာ့အဆင့်မီ လက်ဝတ်ရတနာ ပစ္စည်းများ ထုတ်လုပ် ရောင်းချနိုင်ရေး နိုင်ငံခြားသား ဒီဇိုင်းနှင့် လက်ဝတ်ရတနာ ထုတ်လုပ်ရေးပညာရှင်များကို ခေါ်ယူ၍ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ထုတ်လုပ်ထားသော ခနောက်စိမ်း သတ္တုရိုင်း၊ ကြေးနီသတ္တုရိုင်းများအား ဆင့်တက်ပြုပြင်၍ တန်ဖိုးမြှင့်အဖြစ် ပြည်ပသို့ တင်ပို့ နိုင်ခဲ့ပါသည်။

၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ စာချုပ်ချုပ်ဆို လုပ်ကိုင် နေသော ကျောက်စိမ်းအကျိုးတူကုမ္ပဏီ ၂၀၅ ခုနှင့် ကျောက်မျက်အကျိုးတူ ကုမ္ပဏီ ၁၃ ခု တို့ဖြင့် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံတွင်းထွက် သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (EITI) များ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် အတွက် သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး(EITI) ဦးဆောင်ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် (၁၁၅/၂၀၁၆) ဖြင့် (၁၉.၁၂.၂၀၁၆)ရက် နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီနှင့် သာဂရ ဝန်းကျင်ဒေသများတွင် ဘူမိဗေဒမြေပုံရေးဆွဲခြင်းနှင့် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ကျောက်ပုံ/ မြောင်းဦး ဝန်းကျင်ဒေသတွင် ဓာတ်သတ္တုရှာဖွေ စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

ဓါတ်သတ္တုတူးဖော် ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီများအား ဓါတ်သတ္တုခွန်နှင့် ခွဲဝေမှု အချိုးများကို လစဉ်တွက်ချက်၍ တောင်းခံခြင်း၊ သတ္တုအခွန်အခများ ပေးသွင်းစေရေးအတွက် ကုမ္ပဏီများအား တွန်းအားပေးဆောင်ရွက်လျက် ရှိပါသည်။ ဓါတ်သတ္တုတူးဖော် ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိ/မရှိ၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်မှု ရှိ/မရှိနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပျိုးဥယျာဉ်များ စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခြင်းများ၊ အသိပညာပေး ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၁၅)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်မှုသည် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခင်နှစ်ထက် ပိုမိုတိုးမြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကချင်ပြည်နယ် ချီဖွေမြို့နယ်တွင် ခဲနှင့်ရောရာသတ္တုရိုင်း၊ ဝိုင်းမော်မြို့နယ်တွင် သံသတ္တုရိုင်း၊ ကယားပြည်နယ်တွင် မော်ချီးသတ္တုတွင်းမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက် ရောရာ ထုတ်လုပ်မှုနှင့် ဆောက်လုပ်မှုလုပ်ငန်းများအတွက် သဲနှင့် လမ်းခင်းကျောက် ထုတ်လုပ်မှုများ၊ ကရင်ပြည်နယ် ဘားအံမြို့နယ် ကျောပြင်တောင်နှင့် မိကရင်တောင်တို့တွင် ညီညွတ်သော ဘိလပ်မြေ ကုမ္ပဏီလီမိတက်မှ အသစ်တည်ဆောက်မည့် ကုမ္ပဏီပိုင် ဘိလပ်မြေစက်ရုံအတွက် ပုဂ္ဂလိက ထုံးကျောက်ထုတ်လုပ်မှုများ ပိုမိုခဲ့ပြီး သံတိုင်တောင်နှင့် အကလိပ် တောင်ဒေသတွင် ၂၀၁၆ ခုနှစ်၊ ဖွန်လမှစတင်၍ မြေစေး၊ ကွီလေဒေသတွင် လုပ်ကွက်သစ်များမှ ဂေါဒန်ကျောက်တို့ အမယ်သစ် စတင်ထုတ်လုပ်ခဲ့ပါသည်။

ချင်းပြည်နယ်တွင် လမ်း၊ တံတား၊ အဆောက်အဦ ဆောက်လုပ်မှုလုပ်ငန်းများအတွက် သဲ၊ ကျောက်စရစ်၊ လမ်းခင်းကျောက်ထုတ်လုပ်မှုများ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ မြန်မာစီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာဝမ်ပေါင် ကော့ပါးမိုင်းနင်း ကုမ္ပဏီလီမိတက်တို့၏ အကျိုးတူလုပ်ကွက်မှ ကြေးနီသတ္တုစင် အမယ်သစ် ထုတ်လုပ်ခြင်း၊ ကျောက်မီးသွေး ထုတ်လုပ်မှုများ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဘုတ်ပြင်းမြို့နယ်ရှိ မင်းဂနီးစ် ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှုနှင့် ဆောက်လုပ်မှုလုပ်ငန်းများအတွက် ကျောက်အမျိုးမျိုး ထုတ်လုပ်မှုများ၊ မကွေးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကပိုင် ကျောက်မီးသွေးနှင့် ကျောက်မာ၊ မြစ် ကျောက်စရစ် ထုတ်လုပ်မှုများ ပိုမိုခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)တွင် နိုင်ငံပိုင် အကျဉ်းဦးစီးဌာန ကျောက်မာထုတ်လုပ်မှု၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ပုဂ္ဂလိကသဲနှင့် ကျောက်စရစ် ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံပိုင်အကျဉ်းဦးစီးဌာန ကျောက်မာ၊ မြင်းခြံသံမဏိ စက်ရုံမှ သံမဏိတုံးထုတ်လုပ်မှု၊ ပုဂ္ဂလိကပိုင် ရွှေစင်အကြီးစားထုတ်လုပ်မှု၌ ကျောက်ပုထိုး ရွှေသန့်စင်စက်ရုံတွင် Ball Mill (၃) လုံးအနက် Ball Mill (၂)လုံး၏ Motor များ

လောင်ကျွမ်းခဲ့သဖြင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လများအတွင်း Ball Mill (၁)လုံးဖြင့်သာ လည်ပတ်ထုတ်လုပ်ရခြင်း၊ ရမည်းသင်း လုပ်ကွက်(A)တွင် တစ်ရက်လျှင် တန် (၁,၀၀၀) ကြိတ်ဝါးနိုင်သော ရွှေစက်ရုံသည် စက်စွမ်းအား ပြည့် လည်ပတ်နိုင်မှုမရှိခြင်းနှင့် တူးဖော်ရရှိသည့် သတ္တုရိုင်းများတွင် Grade များ ကျဆင်း လာခြင်း၊ ရမည်းသင်းလုပ်ကွက်(B)အတွင်း Ball Mill စက်ရုံအသစ် ထပ်မံတည်ဆောက် နေခြင်းနှင့် မိုင်းထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်နေရခြင်း၊ ရွှေစင် အသေးစားထုတ်လုပ်မှု၌ တိုင်းဒေသကြီး/ ပြည်နယ်များတွင် လုပ်ကွက်အများစုမှာ သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ပြီး လုပ်ကွက်အချို့ ပြန်လည်အပ်နှံခဲ့ခြင်း၊ လုပ်ကွက်သစ်များ ခွင့်ပြုချထားပေးနိုင်မှု မရှိခြင်း၊ ကျောက်မျက်ရတနာထုတ်လုပ်မှု၌ (၂၉.၁.၂၀၁၇)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ကျောက်မျက် ရတနာဥပဒေအရ အကြီးစား၊ အလတ်စား၊ အသေးစားနှင့် လက်လုပ်လက်စား စသည်တို့ဖြင့် တူးဖော်လုပ်ကိုင်ခွင့်ပြုရန် သတ်မှတ်ချက်အရ သက်တမ်းကုန်ပြီးဖြစ်သော အကျိုးတူနှင့် ပုဂ္ဂလိကလုပ်ကွက်များကို ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ သက်တမ်းတိုးပေးခြင်း မပြုတော့ဘဲ လစ်လပ်လုပ်ကွက်များ အဖြစ်သာထားရှိပြီး ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ ရပ်နား ထားခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

မွန်ပြည်နယ်တွင် ပုဂ္ဂလိကကုမ္ပဏီများ၏ ထုံးကျောက်ထုတ်လုပ်မှုများ၊ ရန်ကုန်တိုင်း ဒေသကြီးတွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအောက်ရှိ နိုင်ငံပိုင် ခဲမဖြူသတ္တုသန့်စင်စက်ရုံ (သန်လျင်)မှ ခဲမဖြူသတ္တုသန့်စင် (၉၉.၉%)နှင့် ပုဂ္ဂလိက သဲထုတ်လုပ်မှုများ ပိုမိုခဲ့ပါ သည်။

ရခိုင်ပြည်နယ်တွင် မာဘယ်လ်ကျောက်(အလှဆင်) ထုတ်လုပ်မှု၌ MYANMAR SIMCO SONG DA Joint Stock Co,.Ltd ၏ တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသ လုပ်ကွက်မှ အပေါ်ပိုင်းကျောက်များမှာ ယခင်စက်မှုဝန်ကြီးဌာနမှ အလှဆင်ကျောက် ထုတ်ခဲ့စဉ်က ယမ်းအသုံးပြုခဲ့သဖြင့် ကျောက်အနာများ ပါဝင်သောကြောင့် ပေ(၃၀)မှ ပေ(၅၀) အောက် အထိရောက်အောင် အနာမပါသည့်ကျောက်များ တူးဖော်နေရခြင်းနှင့် ဆောက်လုပ်မှု လုပ်ငန်းများအတွက် ကျောက်စရစ်၊ လမ်းခင်းကျောက်ထုတ်လုပ်မှုများ လျော့နည်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကျောက်မျက်ထုတ်လုပ်မှု၌ (၂၉.၁.၂၀၁၇) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ အကြီးစား၊ အလတ်စား၊ အသေးစားနှင့်

လက်လုပ်လက်စား စသည်တို့ဖြင့် တူးဖော်လုပ်ကိုင်ခွင့်ပြုရန် သတ်မှတ်ချက်ကြောင့် သက်တမ်းကုန်ပြီးဖြစ်သော အကျိုးတူနှင့် ပုဂ္ဂလိကလုပ်ကွက်များကို ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ သက်တမ်းတိုးပေးခြင်း မပြုတော့ဘဲ ကျောက်မျက်တူးဖော်ရေး လုပ်ငန်းများ ရပ်နားထားခြင်း၊ ကျောက်မီးသွေး၊ ခနောက်စိမ်းနှင့်ရောရာ သတ္တုရိုင်းများ ထုတ်လုပ်မှု လျော့နည်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါ သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သီပေါမြို့နယ်ရှိ စံလောင်း(အကြီးစား)၊ တန့်ယန်းမြို့နယ်ရှိ ထွန်းကြွယ်ပေါ(အကြီးစား/အသေးစား)၊ သိန္နီမြို့နယ်ရှိလုပ်ကွက်များမှ ကျောက်မီးသွေး ထုတ်လုပ်မှုများ၊ သီပေါမြို့နယ်နှင့် မန်ကောင်းဒေသတို့မှ ဂေါ်ဒန်ကျောက်ထုတ်လုပ်မှု၊ နောင်ချိုမြို့နယ်တွင် ထုံးကျောက်ထုတ်လုပ်မှုများ ပိုမိုခဲ့ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မင်းဂနီးဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှု၌ ပြည်ပဝယ်လိုအားမရှိခြင်း၊ ပြည်တွင်းထွက်ရှိသည့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်များမှာ မင်းဂနီးစ် ၈% မှ ၁၂% ခန့်သာရှိပြီး သန့်စင်သည့် မင်းဂနီးစ်ထုတ်လုပ်ရန် နည်းပညာနှင့် အရင်းအနှီးလိုအပ်ချက်ကြောင့် သန့်စင်မှုမလုပ်နိုင်သဖြင့် ပြည်ပသို့ ရောင်းချနိုင်မှုမရှိခြင်း၊ ခဲနှင့်ရောရာသတ္တုရိုင်းနှင့် ခနောက်စိမ်းနှင့်ရောရာသတ္တုရိုင်း ထုတ်လုပ်မှုတွင် လုပ်ကွက်များ သက်တမ်းတိုးရန် ဆောင်ရွက်နေခြင်း၊ ထုတ်လုပ်မှုရပ်နားခွင့် တင်ပြထားခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံပိုင် ထုံးကျောက်ထုတ်လုပ်မှုနှင့် ပုဂ္ဂလိက ကျောက်အမျိုးမျိုး ထုတ်လုပ်မှုများ၊ နေပြည်တော်ကောင်စီနယ်မြေတွင် နိုင်ငံပိုင် အကျဉ်းဦးစီးဌာန ကျောက်မာထုတ်လုပ်မှုနှင့် ပုဂ္ဂလိက ကျောက်အမျိုးမျိုး ထုတ်လုပ်မှုများ၊ မက်စ်မြန်မာ ကုမ္ပဏီမှ ထုံးကျောက်ထုတ်လုပ်မှုများ ပိုမိုခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား နည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးကူညီပေးခြင်းဖြင့် ပုဂ္ဂလိကအခန်း တိုးတက်ရေးမှသည် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၇,၉၃၀,၁၄၄.၀ သန်း အကောင် အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁၆) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၇) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုလက်မှုကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၃,၀၆၃,၄၆၅.၄ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၂.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁၀.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်း၏ ထုတ်လုပ်မှုတွင် စက်မှုဝန်ကြီးဌာနရှိ အမှတ်(၂)အကြီးစားစက်မှု လုပ်ငန်း၊ အမှတ်(၃) အကြီးစားစက်မှု လုပ်ငန်းအောက်ရှိ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းအောက်ရှိ ဆေးဝါးနှင့် စားသောက်ကုန် ထုတ်လုပ်မှုတို့မှာ ယခင်နှစ် အလားတူ ကာလထက် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဌာနအောက်ရှိ ကုန်လမ်းပို့ဆောင်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံ

ခါတုဗေဒလုပ်ငန်းမှ ဒီဇယ်ဆီတို့၏ ထုတ်လုပ်မှုများမှာ ယခင်နှစ် အလားတူကာလထက် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပိုမိုအောင်မြင်စေရန် စက်ရုံများတွင် သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ပြီး ထုတ်ကုန်များ၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရေး စနစ်တကျ အစီအမံများ ချမှတ်ဆောင်ရွက် ခဲ့ပါသည်။

"စက်မှုထုတ်ကုန်များ အရည်အသွေး တိုးတက်မြင့်မားလာစေရန်နှင့် ဆန်းသစ်တီထွင်နိုင်ရန်အတွက် သုတေသနနှင့် နည်းပညာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး" မူဝါဒနှင့်အညီ အထည်အလိပ်၊ အဝတ်အထည်နှင့် စက်မှုဖွံ့ဖြိုးရေးတို့အတွက် KATRI (Korea Apparel Testing and Research Institute) နှင့် ပူးပေါင်း၍ နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးမီ တင်ပို့နိုင်ရန် စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် လယ်ယာသုံးစက်ကိရိယာ၊ ချည်မျှင်နှင့်အထည်၊ ဆေးဝါးဆိုင်ရာ စမ်းသပ်ထုတ်လုပ်မှု၊ သုတေသနပြုလုပ်မှုများကို ဆောင်ရွက်ခဲ့ပါသည်။ စက်ရုံ၊ အလုပ်ရုံများ၌ စွမ်းအင် စီမံခန့်ခွဲမှုလုပ်ငန်းများ လက်တွေ့ ကျင့်သုံးနိုင်စေရေးနှင့် ထုတ်လုပ်မှု ဖြစ်စဉ်တွင် စွမ်းအင်ချွေတာနိုင်သည့် နည်းပညာပိုင်း တိုးတက်လာစေရန် "စက်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲမှုတိုးတက်ရေး စီမံကိန်း" (Improvement of Industrial Energy Efficiency in Myanmar - IEE Project) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများအား အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ရေးနှင့် လယ်ယာသုံး စက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံစွာ အသုံးပြုနိုင်ရေး စနစ်တကျ အစီအမံများ ချမှတ်ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်အနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိသည့် စက်ရုံအလုပ်ရုံများအား ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ဆောင်ခြင်း၊ လွှဲပြောင်းလုပ်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ နည်းပညာနှင့် အရင်းအနှီးများ ထပ်မံထည့်ဝင်စေပြီး ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေး

ဆောင်ရွက်လျက်ရှိရာ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံ ၁၇ ရုံကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ ချေးငွေအစီအစဉ်များဖြင့် ကူညီပေးခြင်းများနှင့် အခက်အခဲများ ကူညီဖြေရှင်းပေးခြင်းတို့ဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက် ရှိပါသည်။

စက်မှုဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့ပါသည်။ Agro-based Product များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရှမ်းပြည်နယ်တွင် GIZ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ PUM Netherlands Senior Experts အဖွဲ့အစည်းနှင့် ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၌ စပျစ်သီးနှင့် စပျစ်ဝိုင် စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များအတွက် ဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သည့် စပျစ်သီးနှင့် စပျစ်ဝိုင် ထုတ်လုပ်သည့် နည်းပညာပံ့ပိုးပေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တွင် ပြည်ပ ဈေးကွက်ဝင် အရည်အသွေးမီ စဉ့်အိုးထုတ်လုပ်မှုနည်းပညာ ပံ့ပိုးကူညီပေးခြင်း၊ ကရင်ပြည်နယ်၊ သံတောင်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့များတွင် အရည်အသွေးကောင်းမွန်သည့် ဈေးကွက်ဝင် ကော်ဖီစေ့နှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် နည်းပညာပံ့ပိုးပေးခြင်း၊ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ရန်ကုန်တွင် စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်။

ချေးငွေရရှိရေး စီစဉ်ဆောင်ရွက်ပေးမှုအနေဖြင့် Credit Guarantee Insurance (CGI) စနစ်အသုံးပြု၍ ချေးငွေလျှောက်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ၂၈.၃.၂၀၁၇ ရက်နေ့အထိ မြန်မာ့အာမခံလုပ်ငန်းနှင့် ဂျပန်နိုင်ငံ SUMITOMO MITSUI BANKING CORPORATION (SMBC) တို့သည် သမဝါယမဘဏ်(CB Bank) ဖြင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ လုပ်ငန်းရှင် ၂၇ ဦးအား ကျပ် ၃,၈၆၅ သိန်း၊ ကမ္ဘောဇဘဏ် (KBZ) ဖြင့် ပူးပေါင်း၍ လုပ်ငန်းရှင် ၃ ဦးအား ကျပ် ၁,၄၅၀ သိန်း ထုတ်ချေးခဲ့ပါသည်။ ထို့ပြင် Japan နိုင်ငံ၊ JICA ၏ Two Step Loan အစီအစဉ်အရ

ပုဂ္ဂလိကဘဏ် ၆ ခု မှတဆင့် ထုတ်ချေးပေးလျက်ရှိရာ တိုင်းဒေသကြီး ၆ ခု၊ ပြည်နယ် ၄ ခုတို့မှ လုပ်ငန်းရှင် ၁၇၅ ဦးအား ကျပ် ၃၆.၇၅၀ ဘီလီယံ ထုတ်ချေးပေးပြီး ဖြစ်ပါသည်။ နိုင်ငံတော်မှ ခွင့်ပြုခဲ့သည့် SME ချေးငွေ ၂၀ ဘီလီယံအား SMIDB မှတဆင့် SME လုပ်ငန်းရှင်များသို့ (၁၇.၃.၂၀၁၇) ရက်နေ့အထိ လုပ်ငန်းရှင် ၃၉၄ ဦးအား ကျပ် ၁၀၆,၆၈၀ သိန်း ထုတ်ချေးပေးခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

ပုံ(၃-၁၈)

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်ကုန်အထိ အကြီးစားလုပ်ငန်း ၆,၆၈၃ ခု၊ အလတ်စားလုပ်ငန်း ၉,၈၆၂ ခု၊ အငယ်စားလုပ်ငန်း ၄၀,၀၉၀ ခု၊ စုစုပေါင်းလုပ်ငန်း ၅၆,၆၃၅ ခုတို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့တွင် မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်အသီးသီးတွင် အကြီးစားလုပ်ငန်း ၂,၈၂၀ ခု၊ အလတ်စားလုပ်ငန်း ၂,၁၄၂ ခု၊

အငယ်စားလုပ်ငန်း ၁,၉၆၄ ခု၊ စုစုပေါင်းလုပ်ငန်း ၆,၉၂၆ ခုတို့ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

စက်မှုလက်မှုကဏ္ဍ၏ ပုဂ္ဂလိကပိုင်အခန်း ထုတ်လုပ်မှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ အများဆုံး ပါဝင်ပါသည်။

မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများအနေဖြင့် စားသောက်ရေးလုပ်ငန်း ၅၀% ပါဝင်ပြီး အထွေထွေစက်မှုလက်မှုအလုပ်ရုံများအနေဖြင့် ၂၃%၊ နေထိုင်ရေးတွင် ၇.၅%၊ ဝတ်ဆင်ရေးတွင် ၆% ခန့်စီ ပါဝင်ပါသည်။

စားသောက်ရေးလုပ်ငန်း ၅၀% တွင် ဆန်စက်၊ ဆီစက်လုပ်ငန်းများ ပါဝင်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး တို့တွင် အများဆုံးလုပ်ကိုင်ကြပါသည်။ အထွေထွေ စက်မှုလက်မှုအလုပ်ရုံများအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ အများဆုံးပါဝင်ပါသည်။ နေထိုင်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသော လုပ်ငန်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် အများဆုံး ပါဝင်လျက်ရှိပါသည်။ ဝတ်ဆင်ရေးအနေဖြင့် CMP လုပ်ငန်းများ ပါဝင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများဆုံး လုပ်ကိုင်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံတော်အနေဖြင့် နှစ်စဉ်တိုးတက်လိုအပ်နေသော လျှပ်စစ်ဓာတ်အားများကို မြို့ကြီးများသာမက ကျေးလက်ဒေသများအထိ ဖြန့်ဖြူးပေးနိုင်ရန်အတွက် တိုးချဲ့၍ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၁၀၇,၉၁၃.၈ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁၉) အကောင်အထည်ဖေါ်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၀) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅၄၆,၈၇၄.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၉.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၇.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြို့အားလုံး မီးလင်းပြီးဖြစ်ပါသည်။ ကျေးရွာအလိုက် မီးလင်းမှုတွင် နိုင်ငံပိုင်ဓာတ်အားလိုင်းအပြင် အခြားဒီဇယ်မီးစက်၊ အသေးစားရေအား၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့(Bio gas/ Bio mass)၊ လေအားစသည်တို့နှင့် စုစုပေါင်း ၃၁,၇၂၈

ရွာ မီးလင်းခဲ့ပြီး နိုင်ငံအတွင်း ကျေးရွာအလိုက် မီးလင်းမှုမှာ ၄၉.၆ ရာခိုင်နှုန်း ရှိပါသည်။ ဒုတိယ (၆) လပတ်တွင် ၁၁၁ ရွာ ထပ်မံမီးလင်းရန် ဆောင်ရွက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံ (V-Power) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးလျက်ရှိခြင်း၊ မကွေးတိုင်းဒေသကြီးတွင် မြစ်သာ ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံအား နိုဝင်ဘာလမှစတင်၍ စမ်းသပ်လည်ပတ်ပြီး ဓာတ်အား ထုတ်လုပ်ခြင်း၊ နိုင်ငံပိုင် လျှပ်စစ်မီးကို (၁၁) ကေဗွီဓာတ်အားလိုင်းမှ ၂ မိုင်ပတ်လည် ကျေးရွာများ အထိ တိုးချဲ့ဓာတ်အား ပေးနိုင်ခြင်း၊ ပြည်နယ်များ၊ ခရိုင်များရှိ မြို့နယ်အချို့တွင် စက်လည်ရန် လောင်စာဆီများ တိုးမြှင့်ပေးပြီး ဓာတ်အားပေးချိန်များ ပိုမိုလာခြင်း၊ ပုဂ္ဂလိကပိုင် အသေးစား ရေအား၊ စပါးခွံလောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်သုံး လျှပ်စစ် ထုတ်လုပ်သုံးစွဲမှုများ ပိုမိုလာခဲ့ခြင်း၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တည်ဆောက်ခဲ့သော ရေအားလျှပ်စစ် ၂ ခုမှ စတင်လည်ပတ် ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်ခဲ့ပါသည်။ အစီရင်ခံ သည့်ကာလအတွင်း လိုအပ်လျက်ရှိသော ဓာတ်အားများ ရရှိနိုင်ရန် ဒေသအလိုက် အောက်ပါ အတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး အတွက် Rental (၃၀၀) မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ ၂ ရုံ တည်ဆောက်ရန် စီစဉ် ဆောင်ရွက်လျက်ရှိခြင်း၊ သီလဝါစက်မှုဇုန်သို့ အဓိကပေးပို့သည့် သဘာဝ ဓာတ်ငွေ့ တာဘိုင်စက်ရုံ ၂ ရုံ မှ ဓာတ်အားစနစ်ချိတ်ဆက်ပို့လွှတ်ခြင်း၊

(ခ) သာကေတ ဓာတ်အားပေးစက်ရုံအတွင်း JV, BOT စနစ်ဖြင့် (၁၀၆) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို UREC ကုမ္ပဏီဖြင့် ဆောင်ရွက်လျက်ရှိရာ ၃၅% ပြီးစီးပြီဖြစ်ခြင်း၊

(ဂ) မန္တလေးတိုင်းဒေသကြီး မြင်းခြံတွင် IPP, BOT စနစ်ဖြင့် (၂၂၅) မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို Semborp ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ ၆၉.၆၄% ပြီးစီးခြင်း၊

(ဃ) မွန်ပြည်နယ် သထုံဒေသတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် နိုင်ငံပိုင် (၁၁၈.၉) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို CEEC ကုမ္ပဏီဖြင့် ဆောင်ရွက်လျက်ရှိရာ ၄၃.၆၇% ပြီးစီးခြင်း တို့ကိုဆောင်ရွက်လျက် ရှိပါသည်။

မြစ်သာဘက်စုံရေအား လျှပ်စစ်စီမံကိန်းကို ၂၀၀၃ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ စမ်းသပ်လည်ပတ်နိုင်ခဲ့ပါသည်။ အဆိုပါ မြစ်သာ ဘက်စုံ ရေအား လျှပ်စစ်စီမံကိန်း အပါအဝင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိ နိုင်ငံပိုင်အခန်း၌ အကြီးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ အသေးစား ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ ၁၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၁၁ ရုံတို့မှ စုစုပေါင်း ၅,၄၃၇ မဂ္ဂါဝပ် တပ်ဆင်ထားခဲ့ပြီး ကီလိုဝပ်နာရီ ၇,၆၅၄.၈ သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အားဖြန့်ဖြူးမှု အတွက် လျှပ်စစ်ဓာတ်အားလိုင်း ၁,၄၈၆ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၅၆,၆၉၉ မိုင်အထိ သွယ်တန်းနိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ဆောင်ရွက်ဆဲ ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သော အလယ်ပေါင်းလောင်း၊ ရွှေလီ(၃)၊ အထက်နမ့်ထွမ်၊ ဒီးဒုတ်၊ အထက်ရဲရွာ၊ သူငွေး၊ အထက်ကျိုင်းတောင်း၊ အထက်ဘီလူးချောင်းတို့ကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် လျှပ်စစ် ဓါတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၂၁)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ။

(၅၀၀) ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းကို ဆက်လက်တည်ဆောက်လျက်ရှိသည့်အပြင် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း စီမံကိန်း ၇ ခု၊ (၆၆) ကေဗွီ ဓာတ်အားလိုင်း စီမံကိန်း ၂၁ ခု အနက် ၈ ခု ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက်တည်ဆောက်လျက် ရှိပါသည်။

ပင်မဓာတ်အားခွဲရုံများဖြစ်သော (၂၃၀) ကေဗွီ ပင်မဓာတ်အားခွဲရုံ ၅ ရုံ (ကလေး-မြဝတီ-ဂန့်ဂေါ-ကျိုက်လတ်၊ ကနောင်၊ သီလဝါ)၊ (၁၃၂) ကေဗွီ ပင်မဓာတ်အားခွဲရုံ ၂ ရုံ (ဗန်းမော်၊ တောင်ကြီး)၊ (၆၆) ကေဗွီ ဓာတ်အားခွဲရုံ (တောင်ကုတ်၊ ကျေးသီး၊ မိုင်းရှူး၊ မင်းတပ်၊ မင်းပြား နှင့် ပေါက်(သရက်တော)တို့ ပြီးစီးပြီး၊ ဆော၊ မင်းကင်း၊ ကော့ကရိတ်၊ ဂွ၊ မဒဲ၊ ဖားကန့်၊ မိုင်းရှူး၊ ပေါက်၊ ထီးလင်း၊ ငွေဆောင်၊ ငရုတ်ကောင်း(တောင်)နှင့် ကလေးဝ တို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးရန်အတွက် လျှပ်စစ်ဓာတ်အားတိုးတက် ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး၊ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် ဓာတ်အား ပျောက်ဆုံးမှု လျှော့ချရေးတို့အတွက် လုပ်ငန်းအစီအစဉ်များကို စီးပွားရေးမူဝါဒများနှင့်အညီ ဆောင်ရွက်လျက် ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံအတွင်းရှိလမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊ ပြည်သူတို့၏ အိမ်ရာလိုအပ်ချက်များပေါ်တွင် အခြေခံပြီး ဟန်ချက်ညီသော မြို့ပြကွန်ယက်စနစ် ပေါ်ပေါက်နိုင်ရေးအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၃၃၀,၁၉၃.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၄.၃ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၂၂) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၃)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ဆောက်လုပ်မှုကဏ္ဍ၏ ဒုတိယ(၆)လပတ် ဆောက်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၈၀၉,၆၁၉.၁ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၁.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ နိုင်ငံပိုင်အခန်း အကောင်အထည်ဖော်နိုင်မှုများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) လမ်းများတိုးချဲ့ခြင်း၊ အသစ်ပြုပြင်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းဦးစီးဌာနအနေဖြင့် ဒုတိယ (၆) လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များနှင့် ချိတ်ဆက်လျက်ရှိသည့် လမ်းများ ဖောက်လုပ်ခြင်းနှင့် လမ်းတိုးတက်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ရာ ကချင်ပြည်နယ်တွင် လမ်းပေါင်း ၄ လမ်း၊ ကယားပြည်နယ်တွင် လမ်းပေါင်း ၃ လမ်း၊ ကရင်ပြည်နယ်တွင် လမ်းပေါင်း ၁၁ လမ်း၊ ချင်းပြည်နယ်တွင် လမ်းပေါင်း ၄ လမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လမ်းပေါင်း ၁၀ လမ်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် လမ်းပေါင်း ၃ လမ်း၊ ပဲခူးတိုင်းဒေသကြီးတွင် လမ်းပေါင်း ၅ လမ်း၊ မကွေးတိုင်းဒေသကြီးတွင် လမ်းပေါင်း ၅ လမ်း၊ မန္တလေးတိုင်းဒေသကြီးတွင် လမ်းပေါင်း ၆ လမ်း၊ မွန်ပြည်နယ်တွင် လမ်းပေါင်း ၆ လမ်း၊ ရခိုင်ပြည်နယ်တွင် လမ်းပေါင်း ၇ လမ်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လမ်းပေါင်း ၇ လမ်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် လမ်းပေါင်း ၆ လမ်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လမ်းပေါင်း ၆ လမ်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် လမ်းပေါင်း ၂ လမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် လမ်းပေါင်း ၁၁ လမ်း နှင့် နေပြည်တော်ကောင်စီနယ်မြေတွင် လမ်းပေါင်း ၅ လမ်း တို့ကို ဖောက်လုပ်လျက်ရှိပါသည်။

(ခ) နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်ရာတွင် ဒုတိယ(၆)လပတ်တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကယားပြည်နယ်တွင် လမ်းပေါင်း ၅ လမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လမ်းပေါင်း ၁၀ လမ်း၊ မွန်ပြည်နယ်တွင် လမ်းပေါင်း ၇ လမ်း၊ ရခိုင်ပြည်နယ်တွင် လမ်းပေါင်း ၅ လမ်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် လမ်းပေါင်း ၅ လမ်း ဖောက်လုပ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်းဖောက်လုပ်ရေးအတွက် ဒုတိယ(၆) လပတ်အတွင်း စုစုပေါင်းလမ်းအရှည် ၁,၄၅၃ မိုင် ၅.၇၀ ဖာလုံကိုလည်းကောင်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းအတွက် ကွန်ကရစ်တံတား ၅၄၈ စင်း၊ သစ်သားတံတား ၄၁၃ စင်း၊ ကွန်ကရစ်ရေကျော် ၁၈၇ စင်းနှင့် Box Culvert

၁,၀၁၅ စင်း၊ အခြား ၁၀၉ စင်း စုစုပေါင်းတံတား ၂,၂၇၂ စင်းကို အကောင်အထည် ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) ထို့အပြင် တံတားဦးစီးဌာနမှ ဒုတိယ(၆)လပတ်တွင် ကချင်ပြည်နယ်၌ တံတား ၉ စင်း၊ ကရင်ပြည်နယ်တွင် တံတား ၅ စင်း၊ ချင်းပြည်နယ်တွင် တံတား ၂ စင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတား ၁၂ စင်း၊ ပဲခူးတိုင်းဒေသကြီးတွင် တံတား ၂ စင်း၊ မကွေးတိုင်းဒေသကြီးတွင် တံတား ၁ စင်း၊ မွန်ပြည်နယ်တွင် တံတား ၂ စင်း၊ ရခိုင်ပြည်နယ်တွင် တံတား ၅ စင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တံတား ၃ စင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် တံတား ၁ စင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် တံတား ၁ စင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် တံတား ၅ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

(င) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကယား ပြည်နယ် ဒီမောဆိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၊ မွန်ပြည်နယ် သထုံမြို့၊ ရခိုင်ပြည်နယ် သံတွဲမြို့၊ ရှမ်းပြည်နယ် မိုးမိတ်မြို့၊ ဧရာဝတီတိုင်း ဒေသကြီး ဟိုင်းကြီးကျွန်းမြို့၊ လပွတ္တာမြို့နှင့် မော်လမြိုင်ကျွန်းမြို့တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အိမ်ရာစီမံကိန်း ၁၃ ခုဖြစ်သော စစ်ကိုင်းတိုင်း ဒေသကြီးတွင် တန်ဖိုးသင့် အိမ်ရာစီမံကိန်း ၁ ခု၊ မကွေးတိုင်းဒေသကြီးတွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်း ၁ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် တန်ဖိုးမျှတအိမ်ရာ စီမံကိန်း ၁ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် တန်ဖိုးနည်းအိမ်ရာ စီမံကိန်း ၃ ခု၊ တန်ဖိုးသင့်အိမ်ရာစီမံကိန်း ၃ ခု၊ Villa ၂ ခုနှင့် တန်ဖိုးမျှတ အိမ်ရာစီမံကိန်း ၁ ခု၊ ဧရာဝတီတိုင်းဒေသကြီး၌ တန်ဖိုးနည်း/သင့် အိမ်ရာစီမံကိန်း ၁ ခုတို့ကို လှည့်ပတ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး လုပ်ငန်းများမှ ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော အိမ်ရာစီမံကိန်းများ အနက် အန္တရာယ်ရှိသော အဆောက်အဦများနေရာတွင် အိမ်ရာအသစ် ပြန်လည် တည်ဆောက်သော အိမ်ရာစီမံကိန်းများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၅ ခု၊ သက်တမ်းရင့် အိမ်ရာစခန်းဟောင်းများနေရာတွင် အသစ်ပြန်လည် ဖွံ့ဖြိုးစေရန် ဆောင်ရွက်သော အိမ်ရာစီမံကိန်းများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၄ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁ ခု ဆောင်ရွက်လျက် ရှိပါသည်။ စီမံကိန်းမြေ

(အစိုးရမြေ)တွင် အကျိုးတူဖြင့် အိမ်ရာစီမံကိန်း ၁၃ ခုအား ဆောက်လုပ်လျက်ရှိပါသည်။ ဒုတိယ(၆)လပတ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၁၉၃၈ ပြည့်နှစ် မြေအောက်ရေကြီးကြပ်မှု အက်ဥပဒေကို ပြန်လည်ပြင်ဆင် ရေးဆွဲလျက်ရှိပါသည်။ ထို့အပြင် အမျိုးသားအိမ်ရာဖွံ့ဖြိုးရေး ဥပဒေ(မူကြမ်း)၊ နည်းဥပဒေ(မူကြမ်း)နှင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေ(မူကြမ်း)တို့ကိုလည်း ရေးဆွဲလျက်ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၂၄)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ။

ဆောက်လုပ်မှုကဏ္ဍအနေဖြင့် ဒုတိယ(၆)လပတ်တွင် ပထမ(၆)လပတ်အတွင်း ရပ်ဆိုင်းခဲ့သည့် ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်ဆောက်လုပ်ခွင့်ပြုခဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်ခြင်းနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် ပွင့်လင်းရာသီဖြစ်သဖြင့် အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများနှင့် အခြားအခြေခံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ**။ ကုန်စည်ပို့ဆောင်မှုနှင့် ခရီးသွားလာမှု လွယ်ကူလျင်မြန်စေရေးအတွက် ကုန်းလမ်း၊ မီးရထား၊ ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေး လုပ်ငန်းများသည် အဓိက အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ကျယ်ပြန့်လာသည့် ပုဂ္ဂလိကပို့ဆောင်ရေး လုပ်ငန်းများကို အများပြည်သူ အကျိုးပြုစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ခြင်း များဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉,၀၂၇,၃၈၃.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၂၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပို့ဆောင်ရေးကဏ္ဍ၏ ဒုတိယ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၁၃၉,၄၃၇.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၆.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၈.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုတွင် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၅.၁ သန်း၊ ခရီးသည်မိုင် ၂၂.၁ သန်း၊ ကုန်တန်ချိန် ၀.၄ သန်း၊ ကုန်တန်မိုင် ၄၄.၇ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ခ) မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းခရီးသည်ဦးရေ ၀.၅ သန်း၊ ပြည်တွင်းခရီးသည်မိုင် ၁၅၀.၇ သန်း၊ ပြည်ပခရီးသည်ဦးရေ ၀.၁ သန်း၊ ပြည်ပခရီးသည်မိုင် ၁၀၈.၈ သန်း၊ ပြည်တွင်းကုန်တန်ချိန် ၀.၀၀၀၅ သန်း၊ ပြည်တွင်းကုန်တန်မိုင် ၀.၁၅ သန်း၊ ပြည်ပကုန်တန်ချိန် ၀.၀၀၀၀၅ သန်း၊ ပြည်ပကုန်တန်မိုင် ၀.၀၅ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဂ) ကုန်းလမ်းပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၆.၄ သန်း၊ ခရီးသည်မိုင် ၂၂၁.၈ သန်း၊ ကုန်တန်ချိန်၀.၆ သန်း၊ ကုန်တန်မိုင် ၉၉.၅ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဃ) မြန်မာ့မီးရထားမှ ခရီးသည်ဦးရေ ၂၃.၁ သန်း၊ ခရီးသည်မိုင် ၉၄၆.၀ သန်း၊ ကုန်တန်ချိန် ၀.၉ သန်း၊ ကုန်တန်မိုင် ၂၁၃.၅ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါ သည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရေယာဉ်များ တိုင်းတာစစ်ဆေးခြင်း (Survey) လုပ်ငန်းတွင် ကမ်းရိုးတန်းသွား ပုဂ္ဂလိကပိုင်ရေယာဉ် ၄၆ စင်းအား တိုင်းတာစစ်ဆေး၍ မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ ပြဋ္ဌာန်းထားသော ကွန်ဗင်းရှင်းပါ လိုအပ်ချက်နှင့်အညီ စစ်ဆေးပြီး အသက်ကယ်ပစ္စည်းကိရိယာ ၂,၀၁၆ စီးနှင့် ဆက်သွယ်ရေးကိရိယာ ၁၁ စီးတို့ကို သက်သေခံလက်မှတ်များ ထုတ်ပေးခဲ့ပါသည်။ အန္တရာယ်လုံခြုံမှုဆိုင်ရာ လက်မှတ်များစစ်ဆေးပြီး ကြယ်ငါးပွင့်ပိုင်သင်္ဘောများ (နိုင်ငံခြားသွား၊ ကမ်းရိုးတန်းသွား)နှင့် ဌာနဆိုင်ရာသင်္ဘောများ အပါအဝင် စုစုပေါင်းစီးရေ ၄,၄၆၃ အတွက် ရေယာဉ်ထွက်ခွာခွင့်လက်မှတ်များ ထုတ်ပေးခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုတက်ရေး ဦးစီးဌာနသည် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ရှိ မြစ်များနှင့်ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်များရှိ ရေလမ်းကြောင်းများတွင် ရေလမ်းကြောင်းကောင်းမွန်စေရေး၊ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ မြို့ရွာများရေတိုက်စားမှုမှ ကာကွယ်ရေး၊

စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မပြတ်စစ်ဆေးပေးရေး၊ ရေထုညစ်ညမ်းမှု မပေါ်ပေါက်စေရေး၊ မြစ်ကြောင်းများ ရေအနက်မြင့်မားလာစေရေးနှင့် ရေယာဉ်များ ကုန်တင်အလေးချိန် တိုးတက်တင်ဆောင် သွားလာနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အပြင် တွဲ့တေးတူးမြောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရေယာဉ်များဖြင့် ကမ္ဘာလှည့်ခရီးသည်များ ပို့ဆောင်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ပန်းဆိုးတန်း- ဒလ၊ ဝါးတန်း-ဒလ၊ မန္တလေး-ညောင်ဦး(မြန်)၊ မန္တလေး-ဗန်းမော်(ထူးမြန်)၊ ခရီးလမ်းတို့မှ ပြည်တွင်း ရေကြောင်းပိုင် သင်္ဘောများဖြင့် ကမ္ဘာလှည့်ခရီးသည် ၅၈,၂၈၉ ဦးကို ပို့ဆောင်ပေး နိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်၏ ရေကြောင်းသယ်ယူပို့ဆောင်မှု ပိုမိုကောင်းမွန်စေရန်နှင့် လုံခြုံ ချောမွေ့စေရန် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ရေယာဉ် ၃ စီး ဖြည့်တင်းရေးအလျင်အမြန် ညှိနှိုင်း ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်အတွင်း ပထမရေယာဉ် ၁ စီး စတင်ပြေးဆွဲနေပြီ ဖြစ်ပါသည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်အတွင်း လေကြောင်း ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခဲ့ ပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အတွင်း ပျံသန်းပို့ဆောင်ရေး လုပ်ငန်းများအတွက် BOEING လေယာဉ်အုပ်စု ၃ စီး၊ ATR-72 လေယာဉ်အုပ်စု ၉ စီး၊ Embraer E 190 လေယာဉ်အုပ်စု ၂ စီး၊ Caravan 208 B လေယာဉ် အုပ်စု ၄ စီး စုစုပေါင်း လေယာဉ် ၁၈ စီးတို့ဖြင့် ပုံမှန်ခရီးစဉ် ၃,၇၈၃ ခေါက်၊ စင်းလုံးငှားခရီးစဉ် ၃၃၃ ခေါက်၊ စုစုပေါင်း ၄,၁၁၆ ခေါက် ပျံသန်းပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း မိုးလေဝသစခန်း ၆၄ စခန်း၊ ဇလဗေဒစခန်း ၂၃ စခန်း၊ မိုးလေဝသနှင့် ဇလဗေဒ(မိုး)စခန်း ၄၂ စခန်း၊ မိုးလေဝသနှင့်ဇလဗေဒ(ဇလ)စခန်း ၄၈ စခန်း၊ စိုက်ပျိုးရေး

မိုးလေဝသစခန်း ၁၈ စခန်း၊ မြေငလျင်တိုင်းထွာရေးစခန်း ၁၇ စခန်း၊ လေကြောင်းမိုးလေဝသစခန်း ၁၀ စခန်းတို့မှ တိုင်းထွာချက်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးသည် ခရီးသည်များအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မှမြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာခရီးစဉ်များ ပြေးဆွဲပေးခြင်း၊ ရန်ကုန်မြို့ရှိ ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် အမြဲစိမ်း ကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ City Bus များဖြင့် ရန်ကုန်မြို့တွင်း အများပိုင် သယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းတွင်လည်းကောင်း၊ အဝေးပြေး ခရီးစဉ်များတွင် လည်းကောင်း ပြေးဆွဲပေးခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်အတွင်း ပြည်တွင်းမှထုတ်လုပ်သော ယာဉ် စုစုပေါင်း ၁,၃၆၈ စီးနှင့် ပြည်ပမှ တင်သွင်းလာသော ယာဉ်စုစုပေါင်း ၄၁၅,၄၉၅ စီးကို မှတ်ပုံတင်ပေးခဲ့ပါသည်။ ယာဉ်မောင်းလိုင်စင်လုပ်ငန်းအနေဖြင့် လိုင်စင်စုစုပေါင်း ၂,၆၆၃,၉၄၁ ထုတ်ပေးခဲ့ပါသည်။

မြန်မာ့မီးရထားသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း မြန်မာ့မီးရထား၏ လမ်းပိုင်းအသီးသီး၌ နေ့စဉ်ပျမ်းမျှ အမြန်ရထား ၃၈ စင်း၊ စာပို့ရထား ၅၇ စင်း၊ လူစီးကုန်တင်ရထား ၅၂ စင်း၊ ခရီးတိုရထား ၂၁ စင်း၊ မြို့ပတ်ရထား ၂၁၅ စင်း၊ စုစုပေါင်း လူစီးရထား ၃၈၂ စင်းနှင့် ကုန်ရထား ၁၉ စင်းတို့ဖြင့် ပြေးဆွဲပေးလျက် ရှိပါသည်။

မြန်မာ့မီးရထားရှိ အရေးကြီးသော ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-ပြည်၊ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး-ထားဝယ်နှင့် ရန်ကုန် မြို့ပတ်ရထားလမ်းပိုင်းများတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဒီဇယ်စက်ခေါင်းအရန်ပစ္စည်း အရေအတွက် စုစုပေါင်း ၂၈,၆၈၈ ခုနှင့် တွဲအရန်ပစ္စည်း ၅၃,၄၈၄ ခု တို့ကို တီထွင်ထုတ်လုပ်ခဲ့ပါသည်။ လူစီးတွဲ ၂၉ တွဲ အထူးမွမ်းမံပြင်ဆင်ခြင်းကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြ၇ရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၃-၂၇)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ကချင်ပြည်နယ်တွင် ယခင်နှစ်အလားတူကာလထက် ၃.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ပုဂ္ဂလိကပိုင်အနေဖြင့် ပြည်နယ်အတွင်း မော်တော်ယာဉ် လိုင်း ၇၅ လိုင်း၊ ပြည်နယ်ပြင်ပတွင် မော်တော်ယာဉ်လိုင်း ၅၆ လိုင်းနှင့် ပုဂ္ဂလိက လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲလာခြင်းတို့ကြောင့် တိုးတက်လာရခြင်း ဖြစ်ပါသည်။

ကယားပြည်နယ်တွင် ယခင်နှစ်အလားတူကာလထက် ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ သုံးဘီးမော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများနှင့်ဒေသတွင်း ဘုရားဖူးခရီးသွားလာမှု များလာခြင်းတို့ကြောင့် တိုးတက်ခဲ့ပါသည်။

ကရင်ပြည်နယ်တွင် ယခင်နှစ်အလားတူကာလထက် ၇.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ဘားအံမြို့နယ်အတွင်းတွင် အပန်းဖြေစခန်းများ၊ သမိုင်းဝင် တန်ခိုးကြီး

ဘုရားများ တည်ရှိခြင်း၊ သံတောင်ကြီးမြို့နယ်တွင်လည်း အပန်းဖြေစခန်းများရှိခြင်း၊ လှိုင်းဘွဲ့မြို့နယ်တွင်လည်း သဘာဝရေတံခွန် တည်ရှိခြင်းတို့ကြောင့် ခရီးသွားလာမှု တိုးတက်လာခဲ့ပါသည်။

ချင်းပြည်နယ်တွင် ယခင်နှစ်အလားတူကာလထက် ၃.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များ ပုံမှန်ပြေးဆွဲနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခင်နှစ်အလားတူကာလထက် ၁၀.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ကားအသစ်စီးရေများ တိုးတက်လာခြင်း၊ ပွင့်လင်းရာသီရောက်လာ၍ ဘုရားဖူးခရီးစဉ်များ တိုးချဲ့ပြေးဆွဲခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ယခင်နှစ်အလားတူကာလထက် ၃.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ရာသီဥတုကောင်းမွန်သဖြင့် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ၊ ဘုရားဖူးခရီးသည်များ များပြားလာခြင်းကြောင့် ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ယခင်နှစ်အလားတူကာလထက် ၁၃.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များမှ ရှေးဟောင်းအမွေအနှစ်များရှိရာဒေသများသို့ သွားလာခြင်းနှင့် ဝယ်လိုအားအရ ကုန်ပစ္စည်းများကိုတရုတ်နှင့် ထိုင်းနယ်စပ် ဂိတ်များထိ တင်ပို့ရောင်းချနိုင်ခြင်းများကြောင့် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးတွင် ယခင်နှစ်အလားတူကာလထက် ၆.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများမှ စီးရေ ခေါက်ရေများ တိုးတက်လာခြင်း၊ ခရီးတိုသွားလာမှုများတွင် သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ များပိုမိုတိုးတက်ပြေးဆွဲခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ယခင်နှစ်အလားတူ ကာလထက် ၈.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ကုန်တင်ယာဉ်(ဝန်ပေါ့) ကားများ တိုးတက်ပြေးဆွဲခြင်းနှင့် ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်များ တိုးချဲ့ပြေးဆွဲပေးနိုင်ခြင်း၊ လိုင်းပေါင်းစုံ မြို့တွင်းဘတ်စ်ကားများ ခေတ်မီယာဉ်များဖြင့် ပြောင်းလဲတိုးချဲ့ ပြေးဆွဲပေးနိုင်ခြင်းဖြင့် ခရီးသည်နှင့် ကုန်စည်ဝင်ငွေများပိုမိုရရှိလာခြင်းကြောင့် ဖြစ်ပါသည်။

မွန်ပြည်နယ်တွင် ယခင်နှစ်အလားတူ ကာလအပေါ် ၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ဘုရားဖူးနှင့် အပန်းဖြေသူများ ပိုမိုများပြား လာခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ယခင်နှစ်အလားတူကာလထက် ၂.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ရခြင်းမှာ ကားလိုင်းများတွင် ကားစီးရေများ တိုးတက်ပြေးဆွဲ လာနိုင်ပြီး အဆင့်မြင့် ကားလိုင်းများဖြင့် အခြားတိုင်းနှင့် ပြည်နယ်များသို့ ပြေးဆွဲလျက် ရှိခြင်းတို့ကြောင့် တိုးတက်ရခြင်း ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခင်နှစ် အလားတူကာလအပေါ် ၁၁.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ အငှားယာဉ်၊ လိုင်းပေါင်းစုံ ဘတ်စ်ကားများ၊ ကြိုပို့လုပ်ငန်းကားများ၊ လုပ်ငန်းသုံးကားကုန်တင် (၅)တန်အောက်နှင့် (၅) တန်အထက် ကားစီးရေ တိုးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ရှမ်းပြည်နယ်တွင် ယခင်နှစ် အလားတူကာလအပေါ် ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ကားလိုင်းများတွင် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲလာခြင်းကြောင့် ဝင်ငွေများတိုးတက်လာခြင်း၊ ပုဂ္ဂလိကလေကြောင်းလိုင်းများ တစ်ပတ်လျှင် ၃ ရက် ပြေးဆွဲလျက်ရှိခြင်း၊ ကုန်သွယ်ရေး မြို့ဒေသများတွင် ပို့ဆောင်ရေးလမ်းကြောင်းများ ပိုမိုတိုးချဲ့ဖွင့်လှစ်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ယခင်နှစ် အလားတူကာလအပေါ် ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးကားများ သယ်ယူပို့ဆောင်မှုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ထင်ရှားသည့် ကမ်းခြေများသို့ ခရီးသွားများ များပြားလာသောကြောင့် တိုးတက်လာရခြင်း ဖြစ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ယခင်နှစ်အလားတူ ကာလအပေါ် ၉.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ပုဂ္ဂလိကပိုင်အခန်းတွင် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ဝန်ပေါ့၊ ဝန်လေးယာဉ်များ၊ စီးရေတိုးလာခြင်းကြောင့် ဝင်ငွေများ ပိုမိုရရှိလာခြင်းတို့ကြောင့် တိုးတက်ရခြင်းဖြစ်ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ကြေးနန်း ဆက်သွယ်ရေးအဖွဲ့ချုပ်နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ စံသတ်မှတ်ချက်နှင့်အညီ အခြေခံ အဆောက်အအုံများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်၊ e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ရန်၊ စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်းကို ခေတ်မီစက်ကရိယာများ တပ်ဆင်၍ အရည်အသွေးပြည့်ဝပြီး ပြည်သူလူထုယုံကြည်မှု အပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ရေးတို့ကို မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂,၁၁၁,၆၈၂.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၂၈ )အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၉)တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ဆက်သွယ်ရေးကဏ္ဍ၏ ဒုတိယ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၈၅၀,၀၀၃.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၉.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

တယ်လီဖုန်းအသစ် တပ်ဆင်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဖုန်းလုံးရေစုစုပေါင်း ၄,၈၀၈,၉၄၈ လုံး တပ်ဆင်နိုင်ခဲ့ပါသည်။ မိုဘိုင်းဖုန်းများ တိုးလာသည်နှင့်အမျှ အင်တာနက်သုံးစွဲမှုများလည်း များလာ၍ တယ်လီဖုန်းဝင်ငွေများ တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။

ဆက်သွယ်ရေး ဝန်ဆောင်မှုများကို ကျေးလက်နှင့်မြို့ပြနေ ပြည်သူလူထုများတိုးမြှင့် အသုံးပြုနိုင်စေခြင်းတို့အပြင် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များမှ လုပ်ငန်းစီမံကိန်းတစ်ခုဖြစ်သော ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၆ အရ လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင်တစ်ရပ်ကို တည်ထောင်နိုင်ရေးအတွက် MCRC ဥပဒေမူကြမ်းအား ဒုတိယ(၆) လပတ်အတွင်း မြန်မာဘာသာပြန်ဆိုခြင်းအား ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ပြည်တွင်းအော်ပရေတာတစ်ခု ထပ်မံဖွဲ့စည်းခွင့်ပြုပြီး နိုင်ငံအဝှမ်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ယှဉ်ပြိုင်ဆောင်ရွက် သွားနိုင်ရေးအတွက် (၁၂-၁-၂၀၁၇) ရက်နေ့တွင် Myanmar National Tel & Communications Co.,Ltd အား Nation wide Telecommunication Licence ပေးအပ်နိုင်ခဲ့ပါသည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနအနေဖြင့် ICT Infrastructure (Network, Data Centers, IACs, etc..) များ တည်ဆောက်ပေးခြင်း၊ Common Application များအသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စာတိုက်စခန်း ရုံးပေါင်း (၁၀) ရုံးတိုးချဲ့ဖွင့်လှစ်ရန် လျာထားခဲ့ပြီး ဒုတိယ(၆)လပတ်တွင် စာတိုက်စခန်း ၃ ရုံးဖွင့်လှစ်နိုင်ခဲ့ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဒုတိယ(၆)လပတ်တွင် တယ်လီဖုန်းရုံး ၄ ရုံး အသစ်ဖွင့်လှစ်နိုင်ခဲ့ပြီး လိုင်းအင်အားများလည်း တိုးချဲ့နိုင်ခဲ့ပါသည်။ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း တည်ဆောက်ခြင်းအနေဖြင့် ဖိုင်ဘာဆက်ကြောင်းသစ်များနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းသစ်များ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းကို ၇၆.၉၉ ရာခိုင်နှုန်း၊ Sea-Me-We5 ရေအောက်ကေဘယ်လ်စနစ် စီမံကိန်းကို ၅၀.၆၀ ရာခိုင်နှုန်း၊ ဆက်သွယ်မှုကွန်ယက်စနစ် အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ၄၁.၇၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

GSM/UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ရေးစီမံကိန်း ပထမနှစ်လိုင်း ၄ သန်း တိုးချဲ့ တပ်ဆင်ရေးစီမံကိန်းတွင် မိုဘိုင်းစခန်းပေါင်း ၁,၄၁၃ ဖြင့် မြို့ပြသာမက ကျေးလက်ဒေသများပါ ပါဝင်ပြီး တည်ဆောက်တပ်ဆင်ပေးလျက်ရှိရာ ယခုအခါတွင် မိုဘိုင်းကွန်ရက် ဖြန့်ကျက်နိုင်မှု မှာ တစ်နိုင်ငံလုံးအနေဖြင့် လူနေဧရိယာ၏ ၈၀ ရာခိုင်နှုန်းသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် ကျေးလက်ဒေသများအထိပါ လွှမ်းမိုးဖြန့်ကျက်ထားနိုင်ပြီ ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၃-၃၀)

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် တာဝါတိုင်ဆောက်လုပ်ပြီးစီးမှု အခြေအနေမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၃၆၅ ခု၊ အော်ရီဒူး မြန်မာလီမိတက်က ၂၃၈ ခု နှင့် တယ်လီနော မြန်မာလီမိတက်က ၉၈၅ ခု စုစုပေါင်းတာဝါတိုင် ၁,၅၈၈ ခု ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ပြည်တွင်းပြည်ပ အော်ပရေတာများကို ယှဉ်ပြိုင် လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဈေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများကို ပြည်သူများစိတ်ကြိုက် ရွေးချယ်သုံးစွဲနိုင်မည့်အပြင် နိုင်ငံတော်၏ ဝင်ငွေများ တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၆၃,၁၅၉.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၃၁)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၂)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ငွေရေးကြေးရေးကဏ္ဍ၏ ဒုတိယ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၁၃,၂၈၇.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၈၁.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၃၆.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်ခွဲများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘဏ်ခွဲ ၁၄၃ ခု တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခြင်း၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၃ ခု၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ ၁ ခုအား ဖွင့်လှစ်ခွင့်လိုင်စင်ထုတ်ပေးခြင်းနှင့် ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီ ၁ ခုအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ငွေရေးကြေးရေး ဈေးကွက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုတွင် ဒုတိယ(၆)

လပတ်အတွင်း၌ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေများ၊ ကော်မရှင်နှင့် ဆောင်ရွက်ခရငွေများမှာ ယခင်နှစ်အလားတူကာလထက် ပိုမိုရရှိခဲ့ပါသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ အဖွဲ့အစည်းများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအတွက် ကျပ်ငွေဖြင့် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်း၊ ပြည်တွင်းပြည်ပ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုပေးခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား ပြည်တွင်းငွေလွှဲပို့ခြင်း၊ နိုင်ငံခြားငွေလွှဲလုပ်ငန်းအနေဖြင့် ကုန်သွယ်မှုမဟုတ်သော (Non Trade) အတွက် ပြည်ပငွေလွှဲပို့ခြင်း၊ ပို့ကုန်/သွင်းကုန် ငွေလွှဲစာတမ်းများအရ ငွေပေးချေခြင်းစသည့် ဝန်ဆောင်မှုများအတွက် ဆောင်ရွက်ခရငွေများ တိုးတက်ရရှိခဲ့ပါသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် နိုင်ငံပေါင်း ၁၁ နိုင်ငံတွင်ရှိသည့် နိုင်ငံခြားဘဏ် စုစုပေါင်း ၂၉ ဘဏ်တွင် စာရင်းရှင်အပ်ငွေများ ဖွင့်လှစ်၍ နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် နိုင်ငံခြားဘဏ် ၅ ခုတွင် အချိန်ပိုင်းအပ်ငွေများ အပ်နှံထားရှိသည့်အတွက် ဘဏ်ဝန်ဆောင်မှုမှ ရငွေအပြင် အပ်ငွေပေါ် အတိုးငွေများလည်း ရရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလထက် ဝင်ငွေများ တိုးတက်များပြားခဲ့ပါသည်။

မြန်မာ့အာမခံလုပ်ငန်းသည် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်းအတွက် အာမခံကြေးကို တိုးမြှင့်ကောက်ခံပြီး နစ်နာကြေးကိုလည်း လူတစ်ဦးသေဆုံးမှုအတွက် ကျပ် ၅ သိန်းမှ ၁၀ သိန်းသို့လည်းကောင်း၊ ဒဏ်ရာရမှုအတွက် အများဆုံးကျပ် ၄ သိန်းမှ ကျပ် ၈ သိန်းသို့ တိုးမြှင့်ပေးလျော်ခဲ့ပါသည်။ အဆိုပါ သူတစ်ပါး ထိခိုက်မှုအာမခံ ပရီမီယံကြေးများ ထိရောက်စွာကောက်ခံနိုင်ရန် ကလေးခရိုင်ရုံးခွဲ၊ တောင်ဒဂုံ ရုံးခွဲများဖွင့်လှစ်ခဲ့သည့်အပြင် ကော့သောင်း၊ တမူး၊ ကျောက်မဲ၊ လွိုင်လင်၊ ပြင်ဦးလွင်၊ အောင်ပန်း၊ မိုးညှင်း၊ ဖန်းမော် မြို့များရှိ က.ည.န ခရိုင်ရုံးများတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်း၍ သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံကောက်ခံခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသဖြင့် မြန်မာ့အာမခံလုပ်ငန်း၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးသီးနှံအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်း ထုတ်ချေးပေးလျက်ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်ဧကလျှင် ကျပ်တစ်သိန်းငါးသောင်းထိ ပိုမိုထုတ်ချေးပေးခဲ့ပါသည်။ ထို့ကြောင့် အစီရင်ခံသည့် ဒုတိယ(၆)လအတွင်း စိုက်ပျိုးစရိတ်ချေးငွေများသည် ယခင်နှစ်အလားတူကာလထက် ပိုမိုများပြားပြီး ထိုချေးငွေအပေါ် ဘဏ်မှအတိုးရငွေမှာ ပိုမိုခဲ့ပါသည်။

သမဝါယမပိုင်အခန်းတွင် သမဝါယမငွေစုငွေချေးအသင်းများသည် အသင်းသားများ၏ စုဆောင်းငွေများ၊ ပြည်ပချေးငွေများဖြင့် အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ အသင်းသားများ၏ ကုန်ထုတ်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံး စက်ကိရိယာများ၊ ရေလုပ်ငန်းသုံးပစ္စည်းများအား အရစ်ကျချေးငွေစနစ်ဖြင့် ရောင်းချလျက်ရှိပါသည်။ အဆိုပါ ချေးငွေလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမဘဏ်၊ Microfinance Bank တို့နှင့်လည်း ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါသည်။

ပုဂ္ဂလိကပိုင်အခန်း၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲများကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ အစီရင်ခံသည့်ကာလအတွင်း ကချင်ပြည်နယ်တွင် ဘဏ်ခွဲ ၂ ခု၊ ကရင်ပြည်နယ်တွင် ၂ ခု၊ ချင်းပြည်နယ်တွင် ၁ ခု၊ စစ်ကိုင်းတိုင်းတွင် ၈ ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၅ခု၊ ပဲခူးတိုင်းတွင် ၁၇ ခု၊ မကွေးတိုင်းဒေသကြီးတွင် ၉ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၈ ခု၊ ရခိုင်ပြည်နယ်တွင် ၄ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၉ ခု၊ ရှမ်းပြည်နယ်တွင် ၄ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၃ ခု၊ နေပြည်တော်တွင် ၁ ခု၊ စုစုပေါင်း ဘဏ်ခွဲ ၁၄၃ ခု ထပ်မံ ဖွင့်လှစ်ခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်များအပြင် Shinhan Bank၊ E.Sun Commercial Bank Limited နှင့် State Bank of India စသည့် နိုင်ငံခြားဘဏ်ခွဲ ၃ ခု၊ Export-Import Bank of Thailand နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ၊ ပြည်တွင်းငွေရေးကြေးရေး ကုမ္ပဏီဖြစ်သော သစ်လွင်သော ကမ္ဘာ့ငွေရေးကြေးရေး ထောက်ပံ့ရေး ကုမ္ပဏီလီမိတက် (Pristine Global Finance Co.,Ld) ကိုလည်း ဖွင့်လှစ်ခွင့်ပြုထားရှိပြီး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်ပကုမ္ပဏီ ၂၀ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၆ ဖွဲ့၊ အစုစပ်ကုမ္ပဏီ ၁၁ ဖွဲ့၊ စုစုပေါင်း ၃၇ ဖွဲ့အား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ ခွင့်ပြုပေးနိုင်ခဲ့ပါသည်။ ထို့ပြင် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည့် မတည်ရင်းနှီးငွေများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်း ၅ ဖွဲ့မှ ချေးငွေချေးယူခွင့် ရရှိရေး ဆောင်ရွက်ပေးခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၃၃)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ရင်းမြစ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

**မွန်ပြည်နယ်**တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် အဓိကအားဖြင့် မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့၏ ဝင်ငွေများ သိသိသာသာ မြင့်မားခဲ့ပါသည်။ မြန်မာ့အာမခံလုပ်ငန်းသည် စက်တပ်ယာဉ်များ အားလုံးအတွက် သူတစ်ပါး

ထိခိုက်မှုအာမခံကြေးများကို တိုးမြှင့်ကောက်ခံခြင်း၊ နစ်နာကြေးများ တိုးမြှင့်ပေးချေခြင်း အစီအစဉ်ကြောင့် ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် စပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေအတွက် ၂၀၁၅-၂၀၁၆ ဒုတိယ(၆)လထက် စိုက်ဧက ၁,၅၈၁ ဧက အတွက် စိုက်ပျိုးစရိတ်များ ပိုမိုထုတ်ချေးပေးခဲ့ခြင်းကြောင့် အတိုးရငွေများ တိုးမြင့်လာပါသည်။

**ပဲခူးတိုင်းဒေသကြီး**တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း မြဝတီဘဏ်ခွဲ ၂ ခု၊ မြန်မာအရှေ့တိုင်းဘဏ်ခွဲ ၁ ခု၊ ကမ္ဘောဇဘဏ်ခွဲ ၅ ခု၊ အင်းဝဘဏ်ခွဲ ၁ ခု၊ ရောဝတီဘဏ်ခွဲ ၅ ခု၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ ၃ ခု၊ စုစုပေါင်း ပုဂ္ဂလိကဘဏ်ခွဲ ၁၇ ခု အသစ်ဖွင့်လှစ်၍ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသဖြင့် ယခင်နှစ်အလားတူ ကာလထက် ဝင်ငွေများ မြင့်မားခဲ့ပါသည်။ ထို့ပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေး ထားသော စိုက်ပျိုးစရိတ်ချေးငွေများအတွက် အတိုးရငွေများ ကောက်ခံရရှိခြင်းများကြောင့် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။

**မန္တလေးတိုင်းဒေသကြီး**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် စပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေအတွက် ၂၀၁၅-၂၀၁၆ ဒုတိယ(၆)လထက် စိုက်ဧက ၁၃,၀၄၉ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုထုတ်ချေး ပေးခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်ခွဲများအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း ရိုးမဘဏ်ခွဲ ၂ ခု၊ ယူနိုက်တက်အမရာဘဏ်ခွဲ ၆ ခု၊ ကမ္ဘောဇဘဏ်ခွဲ ၉ ခု၊ သမဝါယမဘဏ်ခွဲ ၂ ခု၊ အာရှ စိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်ခွဲ ၈ ခု၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေး ဘဏ်ခွဲ ၁ ခု၊ စုစုပေါင်း ၂၈ ဘဏ် တိုးချဲ့ဖွင့်လှစ်၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော PGMF၊ Alliance၊ ဖူလ်တန်မြန်မာ အပါအဝင် အသေးစားငွေချေးလုပ်ငန်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်လျက် ရှိသောကြောင့် ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးများ တိုးတက် လာပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်စေရန်အတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိရာ ကျန်းမာ၊ ပညာရေး၊ လူမှုအကာကွယ်ပေးရေး၊ အလုပ်အကိုင်ရရှိရေးနှင့် လူ့စွမ်းအားအရင်း အမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး အစရှိသော လူမှုရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေး နှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၈၄၉,၉၁၄.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၃၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဒုတိယ(၆)လပတ်ကုန်ထိ ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၅၈၅,၁၁၇.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၅.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ကုန်အထိ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဂျပန်နိုင်ငံသို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့စဉ် မြန်မာနိုင်ငံ၏ တိုင်းရင်းသား ရင်ကြားစေ့ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလမ်းစဉ်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံမှ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ပိုမိုလာရောက်ရေး၊ ပြည်သူများ အကြား ချစ်ကြည်ရေးနှင့် အပြန်အလှန် ဖလှယ်မှုများမှတစ်ဆင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်ရေး အစရှိသည့် ကဏ္ဍများတွင် ပံ့ပိုးကူညီသွားရန် နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ဆွေးနွေး သဘောတူညီ ခဲ့ကြပါသည်။

(ခ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကလေးစာပေပွဲတော်များကို နေပြည်တော်၊ မန္တလေးမြို့၊ မွန် ပြည်နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဂ) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် မူလတန်းပြ ၁ ဦးလျှင် ကျပ် ၃၆,၀၀၀၊ မူလတန်းလွန်နှင့် အလယ်တန်းပြ ၁ ဦး လျှင် ကျပ် ၄၁,၀၀၀ နှင့် အထက်တန်းပြ ၁ ဦးလျှင် ကျပ် ၄၅,၀၀၀ ဖြင့် ထောက်ပံ့ ခဲ့ပါသည်။

(ဃ) ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး အတွက် ကျောက်စာ စာရင်းများ၊ Data များ ကောက်ယူခြင်း၊ ရှေးဟောင်း အဆောက်အအုံများ စာရင်းကောက်ယူခြင်း၊ ပြန်လည်စစ်ဆေးခြင်း၊ GIS Layer များအား ပြန်လည်စစ်ဆေးခြင်း၊ မင်စာရှိသော ဘုရားများ စာရင်းကောက်ယူခြင်း၊ စာရင်းသွင်းခြင်းနှင့် မြေပုံဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(င) အခြေခံပညာစာမေးပွဲများတွင် ရမှတ်စနစ်မှ Grading စနစ်သို့ ပြောင်းလဲကျင့်သုံး ဆောင်ရွက်ခဲ့ပါသည်။

(စ) မူလတန်းအဆင့် ပြီးမြောက်ခဲ့သော ကျောင်းပြင်ပကလေးများ၊ ကျောင်းပြင်ပ မူလတန်းပညာရေး ပြီးမြောက်သော ကလေးများအတွက် ကျောင်းပြင်ပ အလယ်တန်းပညာရေးကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မြို့နယ် ၆ မြို့နယ်၌ စတင်ဆောင်ရွက်ခဲ့ရာ ကလေးပေါင်း ၁၉၅ ဦးကို သင်ကြား ပေးလျက်ရှိပြီး

ကျောင်းပြင်ပ ပညာရေး အလယ်တန်း တန်းညှိပညာရေး အစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ မှ စတင်ဆောင်ရွက်ခဲ့ပါသည်။

(ဆ) ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွားဘက်ဆိုင်ရာဆရာဝန်၊ ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်/အကြော/ဆေးဝါး/ မျက်မှန်/ဓာတ်ခွဲ)၊ ဒုတိယစာရင်းအင်းမှူး (ဆေးမှတ်တမ်း)၊ ဆေးဘက်ကျွမ်းကျင်(၄) (ဆေးစပ်)၊ စိစစ်ရေးမှူး(၄)(ဆေးမှတ်တမ်း)၊ အငယ်တန်းအင်ဂျင်နီယာ(၂)၊ သူနာပြု-၃ (သစ်လွင်)၊ ကျန်းမာရေးမှူး (၂)(၄က်ဖျား)၊ ကျန်းမာရေးမှူး(၄) နှင့် သူနာပြု-၄(သားဖွား) တို့တွင် ဝန်ထမ်းအသစ်များကို ခန့်ထားခဲ့ပါ သည်။

(ဇ) ပြည်သူ့ဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုကို ကွင်းဆင်းဆေးကုသခြင်း ၄၄ ကြိမ် နှင့် ဆေးအကာအကွယ်ပေးခြင်း ၃၈ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ဈ) သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကို ၃၀- ၁၂-၂၀၁၆ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီး နည်းဥပဒေရေးဆွဲနိုင်ရေးကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

(ည) ညောင်လေးပင်မြို့နယ်တွင် သဘာဝဘေးအန္တရာယ် ခိုလှုံရာ အဆောက်အဦ Cyclone Shelter (၁)လုံး၊ ရခိုင်ပြည်နယ်အတွင်း ဇီးတောကျေးရွာနှင့် ကုန်းတန်းကျေးရွာတောင်ပိုင်းတို့တွင် မုန်တိုင်းဒဏ်ခံ အဆောက်အဦ (၂)လုံး၊ ကရင်ပြည်နယ်၊ဘားအံမြို့နယ်အတွင်းလူဦးရေ (၄၀၀)ဆံ့ သဘာဝဘေးအန္တရာယ် ခိုလှုံရာအဆောက်အဦ (Community Shelter) (၁)လုံး၊ လောင်းလုံမြို့နယ်၊ သဘောဆိပ်ကျေးရွာနှင့် သရက်ချောင်းမြို့နယ်၊ ကနက်သီရိကျေးရွာ တို့တွင် လူဦးရေ(၅၀၀)ဆံ့ Cyclone Shelter (၁)လုံး၊ အိမ်မဲမြို့နယ်၊ သရွတ်ကြီးကျေးရွာ၌ School Cum Shelter (၁)လုံး ဆောက်လုပ်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကုန်အထိ စီမံခန့်ခွဲရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) အမျိုးသားပညာရေးရည်မှန်းချက်များ၊ ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ သင်ရိုးညွှန်းတမ်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းစေရန် အမျိုးသားသင်ရိုး ညွှန်းတမ်းကော်မတီကို နိုဝင်ဘာလ ၉ ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။

(ခ) အမျိုးသားအဆင့် အရည်အသွေးသတ်မှတ် မှုဘောင် ပြဋ္ဌာန်းနိုင်ရေးနှင့် ပညာရေး အဆင့်အတန်း အရည်အသွေး အာမခံမှုစနစ် ထူထောင်နိုင်ရန် အမျိုးသား အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံ ဆေးပညာနှင့် ဆေးပညာနီးနွယ်ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်ဆိုင်ရာ ဥပဒေ (မူကြမ်း) အား အမျိုးသားပညာရေး ဥပဒေ၊ အဆင့်မြင့်ပညာရေး ဥပဒေ တို့နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) The Lunacy Act အား ခေတ်နှင့်လျော်ညီစွာ စိတ်ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေအဖြစ်အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။

(င) ဆေးပစ္စည်း ကိရိယာ ဥပဒေ (မူကြမ်း)အား ပြည်ထောင်စု လွှတ်တော်သို့ တင်ပြ နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

(စ) နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နှစ်ရှည်စီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁) အား နိုင်ငံတော်ဘဏ္ဍာငွေအပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီ ထောက်ပံ့မှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်ကုန်အထိ စီးပွားရေးနှင့်ဆက်နွယ်ရာ စီမံခန့်ခွဲမှုတွင် အောက်ပါ တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေလျက်ရှိသော နိုင်ငံပိုင် သတင်းစာ များဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ (၂) စောင်ကို ပုံနှိပ်ထုတ်ဝေ ခြင်း အပြင် Digital Newspaper အဖြစ် ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ကိုးရီးယားသမ္မတနိုင်ငံ Employment Permit System (EPS) သို့ သွားရောက် မည့် အလုပ်သမားများအား HRD-Korea နှင့် အစိုးရ ပြည်ပအလုပ်အကိုင် အေဂျင်စီတို့ ပူးပေါင်းပြီး လုပ်ငန်းခွင် အကြိုသင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိပါ သည်။

(ဂ) အရှေ့အလယ်ပိုင်းဒေသ၊ ယူအေအီးနိုင်ငံနှင့် ကာတာနိုင်ငံများသို့ အလုပ်သမား စေလွှတ်လျက်ရှိရာ ယူအေအီးနိုင်ငံသို့ ၂၁၄ ဦးနှင့် ကာတာနိုင်ငံသို့ ၁၃၁ ဦး တို့ စေလွှတ်ခဲ့ပါ သည်။

တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

### ပုံ(၃-၃၆)

### ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များတွင် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားသည့်အပြင် ဌာနဆိုင်ရာအသီးသီးတွင် ဝန်ထမ်းအသစ်များ တိုးမြှင့်ခန့်ထားခြင်းများရှိခဲ့ပြီး ပညာရေးဌာနများအနေဖြင့် မူလတန်း အဆင့် ဆရာ/ ဆရာမများအား လစ်လပ်နေရာများတွင် ဖြည့်သွင်းခန့်ထားခြင်း၊ တိုးချဲ့ခန့် ထားခြင်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆင့် ဆရာ/ ဆရာမများအား ရာထူးတိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းနှင့် ကျန်းမာရေးကဏ္ဍတွင်လည်း ဆရာဝန်၊ သူနာပြုစသည့် ကျန်းမာရေး ဝန်ထမ်းများအား တိုးချဲ့ခန့်ထားခြင်းတို့ကြောင့် ၄.၄ ရာခိုင်နှုန်း တိုးတက်ရခြင်း ဖြစ်ပါသည်။

**ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများ အများဆုံးပါဝင်သောကဏ္ဍဖြစ်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Shopping Center ၊ နိုင်ငံခြားငွေကြေးလဲလှယ်ရေး ကြိုစကားပြန် လုပ်ငန်းများ၊ စက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းများ အပါအဝင် ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၁၁၆,၈၀၀.၄ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၃ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၃၇) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၈) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ဒုတိယ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၁၆၅,၄၉၉.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်

အပေါ် ၅၅.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၄.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်တွင် ခရီးသည် ၁,၇၇၈,၉၈၅ ဦး ဝင်ရောက်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလထက် လျော့နည်းခဲ့ပါသည်။ ခရီးသည်ဝင်ရောက်မှု လျော့နည်းရခြင်းမှာ ကိန်းဂဏန်းများ ကောက်ယူရာတွင် ကောက်ယူသည့် နည်းစနစ် ပြောင်းလဲလိုက်ခြင်းနှင့် နယ်စပ်ဝင်ပေါက်များမှ အဓိက လျော့နည်းသွားခြင်းတို့ကြောင့် ဖြစ်ပါသည်။ ခရီးသည် ဝင်ရောက်မှု လျော့နည်းသော်လည်း ကမ္ဘာလှည့်ခရီးသည်များ သုံးစွဲခဲ့သည့်ဝင်ငွေမှာ US$ ထောင်ပေါင်း ၁,၃၆၅,၀၅၇ ရရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလထက် US$ ထောင်ပေါင်း ၈၅,၄၂၇ တိုးတက်ခဲ့ပါသည်။

ပညာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကကျောင်း ၄ ကျောင်း၊ နေ့ကလေးထိန်း လုပ်ငန်း ၆၅ ခု၊ ဘော်ဒါဆောင်လုပ်ငန်း ၅ ခု၊ Day Special လုပ်ငန်း ၉ ခု၊ ကျန်းမာရေး ဝန်ဆောင်မှုတွင် ပုဂ္ဂလိကဆေးရုံ ၄ ခု၊ သွားစိုက်လုပ်ငန်း ၁၇ ခု၊ ဆေးကုသခန်း ၁၀ ခု၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းတွင် တည်းခိုရိပ်သာ ၉၅ ခုနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းတွင် ၁၃ ခု၊ Beauty Salon ၃၃ ခု၊ Body Fitness center ၄ ခု၊ လုပ်ငန်းဦးရေများ တိုးတက်ခဲ့ပြီး ဝန်ဆောင်မှု ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ပွင့်လင်းရာသီဖြစ်သဖြင့် အိမ်ငှားဝန်ဆောင်မှုလုပ်ငန်းများ များပြားလာပြီး တစ်ယူနစ်ဝင်ငွေများလည်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးခဲ့သော လိုင်စင်များမှာ -

(က) ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ပြည်တွင်းပုဂ္ဂလိကပိုင် လုပ်ငန်းဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၀၈ လုံးနှင့် အခန်း ၄,၀၆၉ ခန်းအား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

(ခ) ပို့ဆောင်ရေးလုပ်ငန်း လိုင်စင်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအား ပို့ဆောင်ပေးနိုင်ရန် အတွက် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၇၉၄ ခု အား လုပ်ငန်းလိုင်စင်များခွင့်ပြု ထုတ်ပေးခဲ့ပါသည်။

(ဂ) ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လ ပတ်တွင် ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက် ရှိသော ခရီးလှည့်လည်ရေး ကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေး လျက်ရှိရာ Inbound Tour လုပ်ငန်းအတွက် ၃၄၇ ခု နှင့် Outbound Tour လုပ်ငန်းအတွက် ၆၃ ခု၊ စုစုပေါင်း ၄၁၀ ခုတို့အား လုပ်ငန်းလိုင်စင်များ ခွင့်ပြု ထုတ်ပေးခဲ့ပါသည်။

(ဃ) ဧည့်လမ်းညွှန် လိုင်စင်အနေဖြင့် ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များအား ၎င်းတို့၏ ဘာသာ စကားဖြင့် ရှင်းလင်းပြောကြားရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် သက်ဆိုင်ရာ ဘာသာရပ် ဧည့်လမ်းညွှန် (ဒေသဆိုင်ရာ ဧည့်လမ်းညွှန် အပါအဝင်) ၇၁၅ ဦးအား လိုင်စင်များ ခွင့်ပြု ထုတ်ပေးခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဌာနများနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၃၉)**

**၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပြည်တွင်းပြည်ပ ခရီးသည်များ အများဆုံး ဝင်ရောက်ခဲ့ပြီး ကျန်တိုင်းဒေသကြီး / ပြည်နယ် များတွင် ခရီးသွားများ ဝင်ရောက်မှုလျော့နည်းခဲ့ပါသည်။

ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး အဆင့်အတန်းမီသော စားသောက်ဆိုင်လုပ်ငန်းများ၊ ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးမီရန် လိုအပ်ပါသည်။ ၎င်းအပြင်ထင်ရှားသည့်နေရာများသို့ လေယာဉ်ခရီးစဉ်များ တိုက်ရိုက်ရောက်ရှိရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

**ကုန်သွယ်ရေးကဏ္ဍ။** နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေလွယ်ကူချောမွေ့စေရန် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများအပေါ် အခြေခံပြီး စီးပွားရေးမူဝါဒနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များအား ချိတ်ဆက်၍ ကုန်သွယ်မှုမြှင့်တင်ရေး (Trade Promotion)၊ ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေး (Trade Liberalization)၊ ကုန်သွယ်မှုပညာပေးရေး (Trade Education) နှင့် စားသုံးသူ အကာအကွယ်ပေးရေး (Consumer Protection) ဟူ၍ ကဏ္ဍ(၆) ရပ်ခွဲခြားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၁၆,၁၂၀,၁၇၂.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၄၀) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၁) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ကုန်သွယ်ရေးကဏ္ဍ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် စာရင်းများအရ ကုန်သွယ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁၁,၀၄၈,၁၀၆.၁ သန်း ရရှိခဲ့၍

စီမံကိန်းရည်မှန်းချက်၏ ၆၈.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ယခင်နှစ် အလားတူ ကာလထက် ၈.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပြည်ပကုန်သွယ်မှု။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်မှုတွင် ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၅,၉၆၉.၇ သန်း၊ ပြည်ပသွင်းကုန် အမေရိကန်ဒေါ်လာ ၉,၇၄၂.၄ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅,၇၁၂.၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၅၂၉.၉ သန်း(၂၅.၆%)၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၄၈၀.၈ သန်း (၂၄.၈%)၊ စက်မှုကုန်ချောပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၃၂၅.၄ သန်း (၂၂.၂%)၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၄၅၆.၄ သန်း (၇.၇%)၊ ရေထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၃၄၅.၂ သန်း(၅.၈%)၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၃၁.၄ သန်း(၂.၂%)၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၅.၆ သန်း(၀.၁%)နှင့် အခြားပစ္စည်းများ အမေရိကန် ဒေါ်လာ ၆၉၅.၀ သန်း (၁၁.၆%) ၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅,၉၆၉.၇ သန်း ပြည်ပသို့ တင်ပို့ နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရင်းနှီးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၃,၈၂၅.၉ သန်း(၃၉.၃%)၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၃,၇၇၆.၇ သန်း(၃၈.၇%)၊ လူသုံးကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၂,၁၃၉.၈ သန်း(၂၂.၀%) ၊ စုစုပေါင်းအမေရိကန် ဒေါ်လာ ၉,၇၄၂.၄ သန်း တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၃၆.၁ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံနှင့် ၁၄.၀ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံနှင့် ၉.၉ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ၆.၈ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံနှင့် ၅.၆ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်အများဆုံး တင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂,၅၆၇.၁ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁,၁၀၈.၅ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၃၉.၄ သန်း၊ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၃၁.၆ သန်းနှင့်

ကိုးရီးယားသမ္မတနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၇၀.၈ သန်း ဖြစ်ပါသည်။ အများဆုံးတင်ပို့သော ကုန်စည်များမှာ သဘာဝဓါတ်ငွေ့၊ ချုပ်ပြီးအထည်၊ ဆန်၊ မတ်ပဲ၊ သကြား၊ ငါးနှင့် ကျောက်စိမ်းတို့ ဖြစ်ကြပါသည်။

ပြည်ပသွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃,၁၁၀.၁ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၃၉၂.၃ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၀၉၃.၇ သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၆၂၇.၂ သန်း နှင့် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၅၄၂.၅ သန်း ဖြစ်ပါသည်။ အများဆုံး တင်သွင်းသော ကုန်စည်များမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ ဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စ၍ ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကာလအတွင်း ကုန်သွယ်မှု လျင်မြန် ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပို့ကုန်သွင်းကုန် လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများမှ ဈေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေး ကျင့်ဝတ်နှင့်အညီ တင်ပြလာသည့် Invoice နှင့် Sale Contract ပါဈေးနှုန်းများ အတိုင်းသာ ပို့ကုန်သွင်းကုန်လိုင်စင်များကို ခွင့်ပြုထုတ်ပေးခြင်းနှင့် ၂၀၁၇ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ် သည့်ခုနှစ် သတ်မှတ်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် ကြေညာခဲ့ပါသည်။ ITC ကဒ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရာ၌ ယခင် ခွင့်ပြု ပစ္စည်းများအပြင် ဂေရတ်သီးခြောက်ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပို့ ဆောင်ရွက်ခွင့် ပြုခဲ့ပါသည်။

နယ်စပ်စခန်းများမှ မော်တော်ဆိုင်ကယ်တင်သွင်းခြင်းအား ရုံးချုပ်သို့တင်ပြခြင်း မပြုတော့ဘဲ သက်ဆိုင်ရာစခန်းတာဝန်ခံမှ တာဝန်ယူစိစစ်၍ သွင်းကုန်လိုင်စင် ခွင့်ပြုပေးရန်၊

ပို့ကုန် သွင်းကုန်ရုံး (ရန်ကုန်) တွင်လည်း တစ်ပြေးညီခွင့်ပြုပေးရန်၊ ကုန်သွယ်ရေးစခန်းများနှင့် ပို့ကုန် သွင်းကုန်ရုံးသို့ အကြောင်းကြားထားပြီးဖြစ်ပါသည်။ ပြည်ပမှ Used Bicycle များအား ပဉ္စမအကြိမ် ခွင့်ပြုသည့် သက်တမ်းကာလအဖြစ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ဒီဇင်ဘာ လ (၃၁) ရက်နေ့အထိ (၁) နှစ် ဆက်လက်ခွင့်ပြုသွားရန် ဆုံးဖြတ်ခဲ့ပါသည်။

ASEAN Single Window စနစ်အား လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဆက်စပ်ဌာနများမှ ဆောင်ရွက်လျက်ရှိသော MACCS(Myanmar Automated Cargo Clearance System), MGMA (Myanmar Garment Manufacturers Association) စနစ်တို့တွင် ပို့ကုန်သွင်းကုန် လိုင်စင် ပါမစ်တို့နှင့် ပတ်သက်သည့် အချက်အလက် များအားလုံး (မော်တော်ယာဉ်ပါမစ်အပါအဝင်) တို့အား Electronic Data Format (EDI) ဖြင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ လိုင်စင် ပြင်ဆင်/ပယ်ဖျက်/သက်တမ်းတိုးဆိုင်ရာ ကိစ္စရပ်များ၏ နည်းပညာ ပိုင်းနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပို့/ သွင်း လိုင်စင်/ပါမစ် စနစ်များ ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ စတင်၍ ရန်ကုန်၊ နေပြည်တော်သီးသန့် Server ခွဲထုတ်သည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

လုံခြုံမှုစနစ်ထည့်သွင်းပြီး UV Microtext စနစ်များပါဝင်သော မော်တော်ယာဉ် လိုင်စင်/ပါမစ် စာရွက်ပုံစံအသစ်ဖြင့် ထုတ်ပေးနိုင်ရေး စတင်အကောင်အထည်ဖော် ဆောင်ရွက်ပြီး ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Certificate of Origin CO Form အား Manual စနစ်ဖြင့် ထုတ်ပေးဆောင်ရွက်လျက်ရှိရာမှ Electronic Form စနစ်သို့ ပြောင်းလဲအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးနှင့် ၎င်း e- CO Form အား MACCS စနစ်ဖြင့် ချိတ်ဆက် အသုံးပြုနိုင် ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် ဆေးရုံသုံးကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူ ရှင်းလင်းစေရန် မြန်မာနိုင်ငံ၏ HS Code 2012 Version အရ ဆေးရုံသုံးကိရိယာများအတွက် HS Code လိုင်း (၆၉) လိုင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအတွက် HS Code လိုင်း (၄၆၁) လိုင်း၊ သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သော (Negative List) ကုန်စည်လိုင်း (၄,၁၃၈) လိုင်း အနက်မှ ကုန်စည်လိုင်း (၁၅၀) အား သွင်းကုန်လိုင်စင်

လျှော့ချထားရန် မလိုအပ်သော ကုန်စည်လိုင်းအဖြစ် ဖြေလျှော့ခြင်းကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ အကာအကွယ်ပေးမှု ဥပဒေ (မူကြမ်း)အပေါ် USAID မှ ဥပဒေပညာရှင်၏ သုံးသပ်အကြံပြုချက်ရယူခြင်း ဆွေးနွေးပွဲများ၊ပြည်ပမှ ဝင်ရောက်လာသော သွင်းကုန်များကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားနိုင်ရန်အတွက် Safeguard Agreement ၊ Antidumping Agreement နှင့် Subsidy and Countervailing Agreement တို့အား ဥပဒေပြုခြင်း၊ ဥပဒေပြုပြီးနောက် ဥပဒေအရ စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရာတွင် ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် တာဝန်ပေးအပ်နိုင်ရန် Training on Handling Trade Remedies' Cases သင်တန်းအား ကျင်းပပြုလုပ်ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ အကူအညီပေးနေသည့် Enhanced Integrated Framewok (EIF) အစီအစဉ်၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သော Diagnostic Trade Integrated Study (DTIS) ၏ နောက်ဆက်တွဲဖြစ်သည့် (၃) နှစ်၊ (၅) နှစ် နှစ်လတ်စီမံကိန်း Medium Term Programme (MTP) Report ကို နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်အသင်းအဖွဲ့များ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပါသည်။

သြစတြေးလျ၊ ဘီလာရု၊ ရုရှား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အိုက်စလန်၊ တူရကီ၊ ဂျပန်၊ အမေရိကန်နိုင်ငံနှင့် EU ၂၈ နိုင်ငံအပါအဝင် စုစုပေါင်း ၃၉ နိုင်ငံမှ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များအတွက် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး GSP ရရှိပြီးဖြစ်ပါသည်။ ထို့ပြင် အိန္ဒိယနိုင်ငံမှလည်း လယ်ယာထွက်ကုန် သီးနှံအတွက် အကောက်ခွန် သက်သာခွင့်ရရှိပြီး ဖြစ်ပါသည်။ ထိုနိုင်ငံများသို့ ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရန် အတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး စားသုံးသူဘေးကင်းလုံခြုံစေရန် ဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အစိုးရဌာနများ၊ စာသင်ကျောင်းများ၊ ဈေးများ၊ ဈေးဆိုင်များ၊ ကျေးလက်ဒေသများအထိ သွားရောက်၍ စားသုံးသူ အကာအကွယ်ပေးရေးနှင့်

ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း၊ မီဒီယာများမှတဆင့် အသိပညာဗဟုသုတများပေးခြင်းနှင့် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန Consumer Information Complaint Center (CICC) ရုံးများကို စနစ်တကျထားရှိ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ trade.gov.mm Website တွင် စားသုံးသူရေးရာဦးစီးဌာန၏ သတင်းများ၊ လုပ်ရှားမှုမှတ်တမ်းများ၊ ပြည်သူအများ သိသင့်သည့် စားသုံးသူရေးရာနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လွှင့်တင်ထားရှိပါသည်။

EU သို့ Bean Sprouting ထပ်မံတင်ပို့ရန်အတွက် မြန်မာပဲများ တင်ပို့ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို အဖွဲ့ဝင် ၂၀ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး၊ တောင်သူပညာပေးသင်တန်း ကြီးကြပ်ရေးအဖွဲ့ကို အဖွဲ့ဝင် ၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ပဲတီစိမ်း စိုက်ပျိုးမှု အတွက် (GAP & GHP) နည်းစနစ်များအတိုင်း စိုက်ပျိုးစေရန် ရည်ရွယ်၍ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ပဲခူး၊ ကဝ နှင့် သနပ္ပင်မြို့နယ်များတွင် သင်တန်းသား ၁၇၁၅ ဦးအား သင်တန်းပို့ချ ပေးခဲ့ပါသည်။

ကုန်သွယ်မှုဗဟိုဌာနများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်လျှက်ရှိရာ ၂၀၁၄ ခုနှစ်မှ စ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုဗဟိုဌာန ၇ ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း ကုန်သွယ်မှုဗဟိုဌာန ၃ ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနကို ဖွင့်လှစ်နိုင် ခဲ့သဖြင့် စုစုပေါင်းကုန်သွယ်မှုဗဟိုဌာန ၁၁ ခုကို ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ကမ္ဘောဇ ကုန်သွယ်မှု ဗဟိုဌာန ဖွင့်လှစ်ခြင်းနှင့်အတူ ဒေသထွက်ကုန်များ ကုန်စည်ပြပွဲ၊ ဖန်ခါးမြေ၊ ရောမြေ၊ ရတနာပုံ၊ ကန္ဒာရဝတီ၊ မနောမြေစသည့် ကုန်သွယ်မှုဗဟိုဌာနများ၏ ဒေသထွက်ကုန်များ ကုန်စည်ပြပွဲများ နှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြ အပ်ပါသည်-

ပုံ(၃-၄၂)

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ဒေသတွင်းထုတ်လုပ်မှုကဏ္ဍများ၏ ထုတ်လုပ်မှုတိုးလာခြင်းနှင့် ကုန်စည်စီးဆင်းမှု၊ ရောင်းဝယ်မှုများ ကောင်းလာသည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် စီမံကိန်းရည်မှန်းချက်အပေါ် ၇၀% ဝန်းကျင်ခန့် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ပြည်တွင်းသို့ ပြည်ပနိုင်ငံများမှ လာရောက်ကျင်းပသည့် ကုန်စည်ပြပွဲများအနေဖြင့် ရန်ကုန်မြို့တွင် ကုန်စည်ပြပွဲ ၂၃ ပွဲ၊ မန္တလေးမြို့တွင် ကုန်စည်ပြပွဲ ၂ ပွဲ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပခဲ့သည့် ကုန်စည်ပြပွဲများအနေဖြင့် ထားဝယ်မြို့တွင် ကုန်စည်ပြပွဲ ၂ ပွဲ၊ ပုဂံမြို့တွင် ကုန်စည်ပြပွဲ ၁ ပွဲ၊ ပုသိမ်မြို့တွင် ကုန်စည်ပြပွဲ ၁ ပွဲ၊ တောင်ကြီးမြို့တွင် ကုန်စည်ပြပွဲ ၁ ပွဲ၊ မကွေးမြို့တွင် ကုန်စည်ပြပွဲ ၁ ပွဲ၊ ကော့သောင်းမြို့တွင် ကုန်စည်ပြပွဲ ၁ ပွဲ၊ မန္တလေးတိုင်း ဒေသကြီး

မန္တလာသီရိအားကစားရုံတွင် ကုန်စည်ပြပွဲ ၁ ပွဲနှင့် ပြည်ပနိုင်ငံများသို့ သွားရောက် ပြသခဲ့သည့် ကုန်စည်ပြပွဲ ၂၆ ပွဲတို့ကို ကျင်းပနိုင်ခဲ့ပါသည်။

ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများမှတဆင့် ထွက်ကုန်များဈေးကွက်ရရှိရေးနှင့် ပို့ကုန် အမယ်သစ်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်မှုဗဟိုဌာနများ ပြည်တွင်း၌ ဖွင့်လှစ်ခြင်း၊ အထူးစီးပွားရေးဇုန်များအား ပို့ကုန်တိုးမြှင့်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင် ရွက်ခြင်းတို့ကို အလေးပေး ဆောင်ရွက်လျက် ရှိပါသည်။

**လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုတွင် ပြည်ထောင်စုဝန်ကြီးဌာနများအနက် လုပ်ငန်းစီမံကိန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်ထောင်စု ဝန်ကြီးဌာန (၆)ခုရှိရာ လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၁,၀၀၈,၄၃၀.၈၆၅ သန်း လျာထားခဲ့ပါသည်။ ဒုတိယ(၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ၏ စုစုပေါင်း အသုံးစရိတ် ကျပ် ၄၃၉,၉၇၆.၇၉၆ သန်း သုံးစွဲနိုင်ခဲ့သောကြောင့် လျာထားချက်အပေါ် ၄၃.၆၃ ရာခိုင်နှုန်း သုံးစွဲဆောင်ရွက်နိုင်ပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ဝန်ကြီးဌာနအလိုက် လုပ်ငန်း စီမံကိန်းဆောင်ရွက်နိုင်မှုအခြေအနေကို ငွေကြေးထုတ်ယူသုံးစွဲမှုအလိုက် စိစစ်တင်ပြအပ်ပါသည်။

**(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံး ငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၉၈,၀၃၅.၄၁၄ သန်း၊ ၄၃.၁၄ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကျပ် ၉၆,၃၄၆.၄၈၄ သန်းနှင့် ၅၂.၅၃ ရာခိုင်နှုန်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ၁,၆၅၁.၁၄၄ သန်းနှင့် ၄.၀၄ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ၃၇.၇၈၆ သန်းနှင့် ၁.၂၉ ရာခိုင်နှုန်း အသီးသီး သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယ(၆)လပတ် အတွင်း၌ ရွှေးမြစ်နှင့်ပြာမလော့ မြစ်ကြားရေငန်တား တာဆောင်ရွက်ပေးခြင်း၊ အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေး နှင့်သာယာလှပ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ မြစ်ပေါက်(ဝမ်းပြည့်) လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ဧက(၄၅၀)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့သောက်သုံးရေ ဖူလုံရေးအတွက် ကန်တော်ကြီးတိုးချဲ့ ပြုပြင်ခြင်း၊ စီမံကိန်းများမှာ ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့်သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ ဒုတိယ (၆)လပတ်အတွင်း အသုံးစရိတ်လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀

ရာခိုင်နှုန်းကြား သုံးစွဲပြီးစီမံကိန်း ၂၃ ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး စီမံကိန်း ၇ ခု၊ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင်သောစီမံကိန်း ၁၅ ခုရှိကြောင်း တွေ့ရှိရပါ သည်။

မိုးညိုမြို့နယ်ဘုရားကြီးကုန်း ခအောင်းပင်တာ၊ ကမ်းရင်းတာကျိုးပေါက်အား အခိုင်အမာ ပြန်လည်ပိတ်ဆို့ခြင်းနှင့် ပျက်စီးမှုများပြန်လည်ပြုပြင်ခြင်း၊ ဧရာဝတီတိုင်းအတွင်း တာမြှင့်ခြင်း နှင့် မြစ်ကမ်းထိန်းသိမ်းခြင်း လုပ်ငန်းစီမံကိန်းသစ်များအတွက် လုပ်ငန်းလိုအပ်ချက်အရ သီးသန့် ရန်ပုံငွေမှ တောင်းခံ၍ ရာနှုန်းပြည့် သုံးစွဲဆောင်ရွက်ထားပြီး ဖြစ်ကြောင်းတွေ့ရှိရပါသည်။

အသုံးစရိတ်များသုံးစွဲခြင်းမရှိသေးသည့် စီမံကိန်း ၁၂ ခုတွင် ဆည်မြောင်းနှင့် ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ လုပ်ငန်းစီမံကိန်း ၁၁ ခု မှာ ၃၁.၃.၂၀၁၇ ရက်နေ့တွင် ပြန်လည် အပ်နှံပြီး ဖြစ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းစီမံကိန်း ၁ ခု မှာ ၃၁.၃.၂၀၁၇ ရက်နေ့ တွင် ပြန်လည် အပ်နှံပြီးဖြစ်ပါသည်။

**(ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံး စရိတ်အပေါ် ကျပ် ၉၄၇၇၄.၆၁၀ သန်း၊ ၃၈.၇ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ မြန်မာ့မီးရထား မှ ကျပ် ၂၉၇၆၃.၀၈၁ သန်းနှင့် ၂၀.၆ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကျပ် ၅၅၈၅.၉၄၅ သန်းနှင့် ၄၂.၈ ရာခိုင်နှုန်း၊သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနမှ ကျပ် ၁၃၇.၇၀၂ သန်းနှင့် ၈၂.၃ ရာခိုင်နှုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ် ၅၉၂၈၇.၈၈၂ သန်းနှင့် ၆၇.၆ ရာခိုင်နှုန်း တို့အသီးသီး သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဒုတိယ (၆) လပတ်အတွင်း၌ ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ကွန်ကရစ်ဇလီဖားစက်ရုံများ တည်ဆောက်ခြင်း၊ မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် စက်ခေါင်းသစ်

ဆောက်လုပ်ရေးစက်ရုံနှင့် လူစီးတွဲ၊ ကုန်တွဲသစ်ဆောက်လုပ်ရေးစက်ရုံ တည်ဆောက်ခြင်းတို့တွင် ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့်ကျော်လွန် သုံးစွဲထားပြီးဖြစ်ကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်များအရ ဖြည့်စွက်ရန်ပုံငွေ ထပ်မံတောင်းခံသုံးစွဲမှုကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသုံးစရိတ်လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းကျော်သုံးစွဲပြီး စီမံကိန်း ၄ ခု၊ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြား သုံးစွဲပြီးစီမံကိန်း ၁၀ ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြားသုံးစွဲပြီး စီမံကိန်း ၅ ခု၊ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင်သော စီမံကိန်း ၁၂ ခုရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာ့မီးရထား၏ လုပ်ငန်းစီမံကိန်းများမှ အိန္ဒိယချေးငွေဖြင့် သံလမ်းပြုပြင်ထိန်းသိမ်းရန် စက်ယန္တရားနှင့် စက်ပစ္စည်းများဝယ်ယူခြင်း (US $ 86.31) သန်းသည် အိန္ဒိယချေးငွေဖြင့် ဝယ်ယူမည့်ပစ္စည်းများကို တင်ဒါခေါ်ယူ ထားပြီးဖြစ်သော်လည်း တင်ဒါအောင်မြင်မှုကို အတည်ပြုပေးနိုင်ရန်အတွက် Technical Evaluation Report ကို Exim Bank သို့ ပေးပို့ခဲ့ရာ Exim Bank မှ အတည်ပြုချက် မရရှိသေးသဖြင့် စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်ဆဲဖြစ်ပါသည်။

ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် နယ်မြေအခြေအနေအရ ဆက်လက်ဖောက်လုပ်ရန် မသင့်သဖြင့် ရပ်ဆိုင်းထားခြင်းနှင့် ရန်ကုန်-ပြွန်တံဆာ လမ်းပိုင်း Operation Control Center(OCC)နှင့် Safety equipment များတပ်ဆင်ခြင်းလုပ်ငန်း (ဂျပန်နိုင်ငံ၏ Grant ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါသည်။) သည် Lot 1 အတွက် Mitsubishi Corporation မှရောက်ရှိလာသော ပစ္စည်းအချို့နှင့် Lot 1 အတွက် Marubeni Corporation မှ ပစ္စည်းအချို့သာရောက်ရှိပါသဖြင့် ကျန်လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့်၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တို့တွင် ဆက်လက်လုပ်ဆောင်သွားပါမည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Telecommunications Sector Reform Project အား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၀.၁၅၆ (ညီမျှ

ကျပ်သန်း ၁၃၀၅၁.၈၁၀) ဖြင့် လျာထားခဲ့ပါသည်။ အဆိုပါ Telecommunications Sector Reform Project ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများအနက်မှ စီမံကိန်းတစ်ခုဖြစ်သည့် ရေဒီယိုလှိုင်းနှုန်း တိုင်းတာရေးစနစ်စီမံကိန်းအား လျင်မြန်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော တိုင်းတာရေးစက်ပစ္စည်းများနှင့် Software များ ဝယ်ယူရာ လုပ်ငန်းသဘောတူစာချုပ်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းတန်ဖိုး၏ ၆၀% သာ ပေးချေခဲ့ရခြင်းကြောင့်လည်းကောင်း၊ စီမံကိန်းအတွက် လိုအပ်သော ပြည်တွင်းပြည်ပ အကြံပေးငှားရမ်းခြင်း၊ ပြည်တွင်းတွင် သင်တန်းများဖွင့်လှစ်ပို့ချခြင်းနှင့် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူ အကြံပေးများ ငှားရမ်းရာတွင် လုပ်ငန်းသဘောတူ စာချုပ်အရ လုပ်ငန်းဆောင်ရွက်မှုအပေါ် ငွေပမာဏပေးချေရပါသဖြင့် ခွင့်ပြုလျာထားချက်အပေါ် ဒုတိယ(၆) လပတ်အတွင်း ၄၂.၈၀% သာ (ငွေပေးချေမှု) သုံးစွဲနိုင်ခြင်း ဖြစ်ပါသည်။ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ လုပ်ငန်းစီမံကိန်းသစ်များတွင် လျာထားချက်အပေါ် ၈၂.၃% သုံးစွဲနိုင်ခဲ့ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများတွင် ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းအား ၇၆.၉၉%၊ Sea-Me-We-5 ရေအောက် ကေဘယ်စနစ် စီမံကိန်းအား ၅၀.၆၀%၊ ဆက်သွယ်ရေး ကွန်ယက်များ အဆင့်မြှင့်တင်မှု စီမံကိန်းအား ၄၁.၇၆% သုံးစွဲနိုင်ခဲ့ပါသည်။

### (ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၃၇၀၈.၇၉၈ သန်း၊ ၆၂.၉၇ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ သစ်တောဦးစီးဌာနမှ ကျပ် ၃၆၈၅.၁၅၄ သန်းနှင့် ၆၃.၂၆ ရာခိုင်နှုန်း၊ မြန်မာ့သစ်လုပ်ငန်းမှ ကျပ် ၂၃.၆၄၄ သန်းနှင့် ၃၆.၈၀ ရာခိုင်နှုန်းတို့ သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဒုတိယ (၆) လပတ်အတွင်း သစ်တောဦးစီးဌာနမှ

ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ဒီရေတောများ ပြန်လည်ထူထောင်ရေးစီမံကိန်းမှာ ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့်သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ Sheffeld University နှင့် ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ဆင်သုတေသနလုပ်ငန်းစီမံကိန်းမှာ အသုံးစရိတ် လျာထားချက်၏ ၃၆.၈၀ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်းနှင့် ကျန်စီမံကိန်း ၃ ခု မှ ၇၈.၉၄ ရာခိုင်နှုန်း၊ ၉.၉၁ရာခိုင်နှုန်း၊ ၄၂.၉၁ ရာခိုင်နှုန်း သုံးစွဲပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (ဃ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်အတွင်း လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၁၀၉,၉၉၂.၀၀၂ သန်း၊ ၄၇.၇၄ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ကျပ် ၅၂,၇၈၄.၀၅၈ သန်းနှင့် ၅၄.၄၅ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ကျပ် ၅၇,၂၀၇.၉၄၄ သန်းနှင့် ၄၂.၈၇ ရာခိုင်နှုန်းတို့ သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယ(၆)လပတ်အတွင်း အသုံးစရိတ် ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့်သုံးစွဲပြီး လုပ်ငန်းစီမံကိန်းပေါင်း ၉ ခု၊ လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး ၂၃ ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား သုံးစွဲပြီးစီမံကိန်း ၈ ခု၊ ၃၀ ရာခိုင်နှုန်း အောက်သာ သုံးစွဲနိုင်သော စီမံကိန်း ၂၆ ခုတို့ရှိကြောင်း တွေ့ရှိရပါသည်။

အသုံးစရိတ်များ သုံးစွဲခြင်းမရှိသေးသည့် စီမံကိန်း ၁၄ ခု ရှိရာတွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လုပ်ငန်းစီမံကိန်းများမှ အထက်ဘီလူးချောင်းစီမံကိန်းသည် စီမံကိန်းအတွက် တရုတ်နိုင်ငံ CHMC Co.ltd မှ တင်သွင်းမည့် စက်ပစ္စည်းများ တင်သွင်းနိုင်ခြင်း မရှိခြင်းကြောင့်လည်းကောင်း၊ Exim Bank ချေးငွေလျာထားချက်မှာ Loan Effective မဖြစ်သေးခြင်းကြောင့်လည်းကောင်း၊ ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း တွေ့ရှိရပါသည်။ ဟုန်းညို(၁) စီမံကိန်းသည် တိုင်းဒေသကြီးအစိုးရသို့ လွှဲပြောင်းပေးသည့် စီမံကိန်း

ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ National Power Transmission Network Development Project Phase II (MY-P14) (Japan ODA Loan) နှင့် Power Transmission Improvement Project(ADB Loan) တို့သည် စာချုပ်ချုပ်ဆိုနိုင်ခြင်း မရှိသေးပါကြောင်း၊ Consultancy Services စာချုပ်မူကြမ်းအား ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့သို့ တင်ပြနိုင်ရန် ပြင်ဆင်လျက်ရှိပါကြောင်း တွေ့ရှိရ ပါသည်။

မူလ (BE) လျာထားငွေတွင် မပါဝင်သော်လည်း ဧပြီလမှမတ်လ အသုံးစရိတ်ရှိနေခြင်း နှင့် လျာထားငွေထက် ကျော်လွန်သုံးစွဲထားခြင်းမှာ ရန်ပုံငွေပြောင်းလဲ သုံးစွဲထားခြင်းများနှင့် ဖြည့်စွက်ရန်ပုံငွေများ ရရှိသုံးစွဲထားခြင်းများ ဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

**(c) စက်မှုဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၆၁,၆၈၄.၆၂၈ သန်း၊ ၃၃.၀၅ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းအနေဖြင့် လုပ်ငန်းစီမံကိန်း များ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၅၇,၈၅၄.၂၄၀ သန်း၊ ၃၃.၈၄ ရာခိုင်နှုန်း သုံးစွဲ ဆောင်ရွက်နိုင်ပြီး ဖြစ်ပါသည်။ အကြီးစား ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စီမံကိန်း(သာဂရ)မှာ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်း သည် လျာထားချက်၏ ၃၂.၄၂ ရာခိုင်နှုန်းနှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသည် ၃၉.၀၉ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ အဆိုပါ စက်ရုံနှစ်ရုံမှာ ပထမ (၆) လပတ်အတွင်းတွင်လည်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ ရှိခဲ့ကြောင်းတွေ့ရှိရပါသည်။

သံမဏိစက်ရုံ အမှတ်(၂) ပင်းပက်မှာ စက်မှုဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီမှ စိစစ်ချက်အရ လုပ်ငန်းပြီးစီးမှုမရှိခြင်း၊ Lime and Dolomite Plant အတွက် Spare Partsများ မဝယ်ယူနိုင်ခြင်းနှင့် Stacker and Reclaimer (FAC) ဆောင်ရွက်နိုင်ခြင်းမရှိခြင်းနှင့်၊ စက်စမ်းသပ်လည်ပတ်ရန် ကုန်ကြမ်း ဝယ်ယူ စုဆောင်ခြင်း၊ နိုင်ငံခြားသား ပညာရှင်များအတွက် စားစရိတ်ကျခံခြင်းနှင့် အလုပ်ရုံအသီးသီး၏ ဓာတ်အားခ

များကျခံခြင်း စသော အသုံးစရိတ်များအတွက် လျာထားခဲ့သော်လည်း စက်စမ်းသပ်လည်ပတ်နိုင်ခြင်းမရှိသောကြောင့် လျာထားချက်အောက် လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

(စ) ဆောက်လုပ်ရေးဝန်ကြီးဌာန

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်းအသုံးစရိတ်အပေါ် ကျပ် ၇၁,၇၈၁.၃၄၄ သန်း၊ ၆၃.၄၄ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ တံတားဦးစီးဌာနမှ ကျပ် ၆၅,၁၉၅.၆၄၇ သန်းနှင့် ၆၀.၂၆ ရာခိုင်နှုန်း သုံးစွဲပြီးဖြစ်ပါသည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယ (၆) လပတ်အတွင်း၌ ကသာ-စင်ခန်းလမ်းပေါ်ရှိ ပေါမမြိုင် တံတား (၄/၃)တွင် အသုံးစရိတ် ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့် သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသုံးစရိတ် လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းအထက် တံတား ၂ ခု၊ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး စီမံကိန်း ၂၃ ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး စီမံကိန်း ၇ ခု၊ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင်သော စီမံကိန်း ၁၅ ခု၊ သီးသန့်ရန်ပုံငွေဖြင့် စီမံကိန်း ၁၃ ခု ရှိကြောင်း တွေ့ရှိရပါသည်။

ကုက္ကိုလ်ဝတံတားမှာ ဖြည့်စွက်ခွင့်ပြုငွေရရှိပြီး မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပေါ်ရှိ အင်စွပ်တံတား(၄/၄၁)မှာ ရန်ပုံငွေလွှဲပြောင်းရရှိသဖြင့် ၁၀၀ ရာခိုင်နှုန်းထက် ကျော်လွန် သုံးစွဲထားခြင်းဖြစ်ပါသည်။ အသုံးစရိတ်များ သုံးစွဲခြင်းမရှိသေးသည့် စီမံကိန်း (၁၅) ခုအနက် တံတားဦးစီးဌာနမှ မြစ်ကြီးနား-တနိုင်း-နန်းယွန်း-ပန်ဆောင် လမ်းပေါ်ရှိ တဝမ်တံတား၊ ကျောက်ဆည်-ပြင်ဦးလွင် လမ်းပေါ်ရှိ ဒုဌဝတီတံတား၊ ရန်ကုန်-ပြည်-မကွေး လမ်းပေါ်ရှိ တောင်သာချောင်းတံတား၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ တာဆိုင်း တံတား (၂/၁၉၆)၊ ရောဝတီတံတား (အောင်လံ-သရက်)၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂) (ထိုင်း-မြန်မာနယ်စပ်)၊ ရွာသစ်-စွပ်ပိုင်လမ်းပေါ်ရှိ သံလွင်မြစ်ကူးတံတားတို့မှာ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲပြီး ဘီးလင်း- နတ်ကြီး- ဖာပွန်လမ်းပေါ်ရှိ ပေ (၁၀၀) အောက် တံတား ၂ စင်း (၃/၁၇)၊(၈/၁၈)၊ မိုင်းဖြတ်-မိုင်းယောင်းလမ်းပေါ်ရှိ နမ့်ဖတ်တံတား(၆၀)ပေ၊ ဒလတံတား (မြန်မာ-ကိုရီးယား)၊ တံတားပမာဏတိုင်းတာခြင်း၊ တံတားစိစစ်စံပြုခြင်းတို့မှာ ပိုလျှံရန်ပုံငွေ များ ပြန်လည်အပ်နှံထားပါသည်။ အချို့တံတားများမှာ ပထမ(၆)လပတ်တွင် ရာခိုင်နှုန်း

ပိုမိုသုံးစွဲ ခဲ့သဖြင့် လျော့နည်းရခြင်း ဖြစ်ပါသည်။ မူလခွင့်ပြုငွေတွင် မပါရှိဘဲ သီးသန့်ရန်ပုံငွေဖြင့် အသုံးပြုသော တံတား (၁၃)ခု ရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အသုံးစရိတ်လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်း အထက် စီမံကိန်း (၂) ခု၊ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး စီမံကိန်း (၇) ခု၊ အထွေထွေပိုလျှံရန်ပုံငွေ (GRF)မှ ရယူသုံးစွဲသည့် စီမံကိန်း(၁)ခုရှိကြောင်း တွေ့ရှိရပါသည်။ ယုဇန တန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၂)၊ ယုဇနတန်ဖိုးနည်းအိမ်ရာ စီမံကိန်းအပိုင်း (၃) တို့သည် ရန်ပုံငွေလွှဲပြောင်းသုံးစွဲသဖြင့် ၁၀၀ ရာခိုင်နှုန်းထက် ကျော်လွန်ရခြင်းဖြစ်ပါသည်။ ရုံးအမှတ်(၄၀) ရုံးသစ်အဆောက်အဦ(၁)လုံး ဆောက်လုပ်ခြင်းကို အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ရယူသုံးစွဲခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီးဌာန (၆)ခုမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်း များ၏ ဆောင်ရွက်နိုင်မှု အခြေအနေ အသေးစိတ်စာရင်းများကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

# ဇယား (၃-၁)
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက် (BE) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လ) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ၁၈၃၄၂၃.၄၄၂ | ၉၆၃၄၆.၄၈၄ | ၅၂.၅၃ | |
| | | | လုပ်ငန်းစီမံကိန်းများ | ၁၈၃,၄၂၃.၄၄၂ | ၉၆၃၄၆.၄၈၄ | | |
| | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၁၆၉,၉၇၃.၇၉၀ | ၉၀,၁၁၀.၀၅၈ | | |
| | | ၁ | ဖြူးချောင်းရေလှောင်တမံစီမံကိန်း | ၂,၅၀၀.၀၀၀ | ၁,၀၄၅.၈၇၀ | ၄၁.၈၃ | ၂၀၀၀-၂၀၀၁ |
| | | ၂ | ဓောင်းတူ(စွန်ပိ)ရေသွယ်မြောင်းတိုးချဲ့တူးဖော်ခြင်းလုပ်ငန်း | ၆၀၀.၀၀၀ | ၃၇၀.၀၀၆ | ၆၁.၆၇ | ၂၀၁၃-၂၀၁၄ |
| | | ၃ | ဒေါင်းမြူးရေလှောင်တမံ | ၅၀.၀၀၀ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| | | ၄ | မြောက်ယမားတိုးချဲ့ရေသောက်စနစ်(လက်ဝဲ) | ၁,၀၀၀.၀၀၀ | ၉၆၅.၄၀၃ | ၉၆.၅၄ | ၂၀၀၈-၂၀၀၉ |
| | | ၅ | ခပေါင်းရေလှောင်တမံ(+ရေလွှဲဆည်) | ၃,၈၀၀.၀၀၀ | ၁၈၁၂.၄၆၇ | ၄၇.၇၀ | ၂၀၀၁-၂၀၀၂ |
| | | ၆ | ပေါင်းလောင်းရေလှောင်တမံစီမံကိန်း+ရေလွှဲဆည် | ၅,၀၀၀.၀၀၀ | ၃,၇၀၆.၂၈၅ | ၇၄.၁၃ | ၂၀၀၅-၂၀၀၆ |
| | | ၇ | မဒန်းရေလှောင်တမံ | ၁,၀၀၀.၀၀၀ | ၂၄၄.၇၅၈ | ၂၄.၄၈ | ၂၀၀၃-၂၀၀၄ |
| | | ၈ | ရန်ကုန်မြို့တော်မိုင်(၃၀)စိမ်းလန်းစိုပြည်ရေး | ၄၀၀.၀၀၀ | ၃၅၆.၂၉၀ | ၈၉.၀၇ | ၂၀၀၃-၂၀၀၄ |
| | | ၉ | ပဂိုင်တာရေသွင်းတံခါး | ၃၀၀.၀၀၀ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| | | ၁၀ | စစ်တောင်းမြစ်ဝှမ်းမြွန်တန်ဆာလွင်ပြင်နှင့်ပဲခူး၊ ဝေါ၊ သနပွင်-ကဝ နှစ်စဉ်ရေလွှမ်းမိုးမှုမှကြိုတင်ကာကွယ်ခြင်း | ၁,၀၀၀.၀၀၀ | ၉၉၉.၉၄၂ | ၉၉.၉၉ | ၂၀၁၂-၂၀၁၃ |
| | | ၁၁ | ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း | ၂၉၇၀၀.၀၀၀ | ၂၆၇၃၇.၆၈၃ | ၉၀.၀၃ | ၂၀၀၅-၂၀၀၆ |
| | | ၁၂ | မြစ်သာရေလှောင်တမံစီမံကိန်း | ၂၃၀၀၀.၀၀၀ | ၄၄၇၅.၈၀၃ | ၁၉.၄၆ | ၂၀၀၃-၂၀၀၄ |
| | | ၁၃ | အထက်ဗူးရှာရေလှောင်တမံစီမံကိန်း | ၀.၁၀၀ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| | | ၁၄ | သုံးဆယ်ရေလှောင်တမံ(ရေသောက်စနစ်) | ၉၀၀.၀၀၀ | ၈၉၇.၆၈၁ | ၉၉.၇၄ | ၂၀၀၀-၂၀၀၁ |
| | | ၁၅ | ကညင်ရေလှောင်တမံစီမံကိန်း(+ ရေသောက်စနစ်) | ၄,၆၀၀.၀၀၀ | ၄၁၃၃.၆၅၀ | ၈၉.၈၆ | ၂၀၀၂-၂၀၀၃ |
| | | ၁၆ | မုက္ခာရေလှောင်တမံ | ၃၀၀.၀၀၀ | ၂၈၂.၆၂၀ | ၉၄.၂၁ | ၂၀၀၉-၂၀၁၀ |
| | | ၁၇ | ရွှေးမြစ်နှင့်ပြာမလော့မြစ်ကြားရေငန်တားတာဆောင်ရွက်ပေးခြင်း | ၁,၆၀၀.၀၀၀ | ၁၆၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၂-၂၀၁၃ |
| | | ၁၈ | ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေရရှိရေးလုပ်ငန်း (သိုင်းချောင်းရေလှောင်တမံစီမံကိန်း) | ၁,၂၀၀.၀၀၀ | ၆၁.၉၉၅ | ၅.၁၇ | ၂၀၁၄-၂၀၁၅ |
| | | ၁၉ | မြစ်မခအနောက်ဘက်ကမ်းပတ်တာအတွင်းရေတံခါး၊ ရေနုတ်မြောင်းတည်ဆောက်ခြင်း | ၉၃၀.၀၀၀ | ၉၂၉.၉၇၈ | ၉၉.၉၉၈ | ၂၀၁၂-၂၀၁၃ |
| | | ၂၀ | ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန (နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်) | ၄၀၀.၀၀၀ | ၃၆၁.၂၉၉ | ၉၀.၃၂ | |

ဇယား (၃-၁) အဆက်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဒုတိယ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက် (BE) | (အောက်တိုဘာလမှ မတ်လ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၂၁ | မိတ္ထီလာမြောက်ကန်အတွင်းသဲနုန်းတူးဖော်ခြင်း | ၇၅၀.၀၀၀ | ၂၅၇.၀၁၅ | ၃၄.၂၇ | ၂၀၁၄-၂၀၁၅ |
| ၂၂ | ညောင်ရမ်းမင်းလှကန်သဲနုန်းတူးဖော်ခြင်း | ၁,၀၀၀.၀၀၀ | ၁၃၂.၃၄၃ | ၁၃.၂၃ | ၂၀၁၄-၂၀၁၅ |
| ၂၃ | မင်္ဂလွန်းရေတံခါး(၆) ပေါက် | ၅၀.၀၀၀ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| ၂၄ | လှည်းကူးမြို့နယ် လဂွမ်းပြင်ရေတံခါး (၆ပေx ၆ပေ(၈) ပေါက် | ၅၀.၀၀၀ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| ၂၅ | ကွမ်းခြံကုန်းမြို့နယ်တော်ကူးချောင်းရေတံခါး (၄) ပေါက် | ၅၀.၀၀၀ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| ၂၆ | ဆောင်ရွက်ရန်စီမံကိန်းသစ်များအတွက်စူးစမ်းလေ့လာတိုင်းတာခြင်း စူးစမ်း၊ဇလ၊ဘူမိမြေပြင်တိုင်းတာခြင်း | ၅၀၀.၀၀၀ | ၁၃၄.၄၉၆ | ၂၆.၉၀ | ၂၀၀၂-၂၀၀၃ |
| ၂၇ | အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်သဘာဝလှပ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း | ၁,၅၀၀.၀၀၀ | ၁,၅၀၀.၀၀၀ | ၁၀၀.၀၀ | ၁၉၉၂-၁၉၉၃ |
| ၂၈ | မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ရခိုင်၊ဧရာဝတီတိုင်း အတွင်းရှိတာတမံများတောင့်တင်းခိုင်မာအောင်ပြန်လည်ပြုပြင်ခြင်း | ၅,၀၀၀.၀၀၀ | ၃,၀၂၂.၉၅၇ | ၆၀.၄၆ | ၂၀၀၃-၂၀၀၄ |
| ၂၉ | ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ရေငန်တား တာတမံများ အခိုင်အမာမွမ်းမံခြင်း | ၄,၃၀၅.၅၀၁ | ၄,၀၄၉.၇၆၈ | ၉၄.၀၆ | ၂၀၀၈-၂၀၀၉ |
| ၃၀ | ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်းဒေသကြီးများအတွင်း ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေးလုပ်ငန်းများ | ၅,၅၀၀.၀၀၀ | ၂,၅၈၀.၅၄၂ | ၄၆.၉၄ | ၂၀၁၃-၂၀၁၄ |
| ၃၁ | အရာတော်(၂) လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကေ(၂၀၀၀၀) | ၅၂၀.၀၀၀ | ၃၀၈.၃၀၉ | ၅၉.၂၉ | |
| ၃၂ | တပ်ရွာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကေ(၁၆၅၄၈) | ၉.၉၅၈ | ၄.၁၂၃ | ၄၁.၄၀ | |
| ၃၃ | နံ့ပို့လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကေ(၈၀၀၀) | ၅၄၆.၅၃၄ | ၄၉၃.၉၆၂ | ၉၀.၃၈ | |
| ၃၄ | မြစ်ပေါက်(ဝမ်းပြည့်)လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကေ(၄၅၀) | ၂၃.၅၀၀ | ၂၃.၅၀၀ | ၁၀၀.၀၀ | |
| ၃၅ | ထီးတော်မိုးလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကေ(၁၇၅၀) | ၇၃၀.၁၁၈ | ၂၄၃.၈၅၆ | ၃၃.၃၅ | |
| ၃၆ | ဆိပ်ဖြူအောက်ဆိပ် ကေ(၁၅၀၀) | ၃၀၀.၀၀၀ | ၂၇၆.၁၇၃ | ၉၂.၀၆ | |
| ၃၇ | ဓမ္မသ ကေ(၅၀၀၀) | ၂၀.၀၀၀ | ၁၉.၉၆၀ | ၉၉.၈၀ | |
| ၃၈ | မိတ္ထီလာလွင်ပြင် ကေ(၃၀၀၀၀) | ၁,၁၅၃.၁၁၃ | ၁၆၀.၈၁၁ | ၁၃.၉၅ | |
| ၃၉ | **(က) ဆောင်ရွက်ဆဲ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း** | **၂၂,၂၈၄.၇၇၅** | | | |
| | (၁) ရဲနွယ်ဆည် | ၁၅,၇၈၄.၇၇၅ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| | (၂) ကွန်းချောင်းဆည် | ၆,၅၀၀.၀၀၀ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| ၄၀ | **- ဂျပန်နိုင်ငံODAချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ** | **၃၈,၅၃၈.၂၂၂** | ၂၆,၆၃၇.၂၀၄ | ၆၉.၁၂ | |
| | (၁) တောင်နဝင်းတူးမြောင်း ခေတ်မီပြန်လည်တူးဖော်ခြင်း | ၇,၅၃၅.၈၄၄ | ၅,၅၂၀.၄၉၀ | ၇၃.၂၆ | ၂၀၁၅-၂၀၁၆ |

ဇယား ( ၃-၁ ) အဆက်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဒုတိယ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက် (BE) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လ) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | (၂) မြောက်နဝင်းတူးမြောင်း ခေတ်မီပြန်လည်တူးဖော်ခြင်း | ၅,၆၅၄.၃၃၃ | ၃,၄၅၁.၆၆၅ | ၆၁.၀၄ | ၂၀၁၅-၂၀၁၆ |
| | (၃) ဝဲကြီးဆည်ရေသောက်စနစ် | ၁၄,၆၇၅.၅၂၆ | ၉,၆၂၁.၅၇၉ | ၆၅.၅၆ | ၂၀၁၅-၂၀၁၆ |
| | (၄) တောင်ညိုဆည်ရေသောက်စနစ် | ၁၀,၆၇၂.၅၁၉ | ၈,၀၄၃.၄၇၀ | ၇၅.၃၇ | ၂၀၁၅-၂၀၁၆ |
| ၄၁ | **- IFAD ချေးငွေဖြင့်ကျေးလက်ဒေသဆင်းရဲသားများ ဝင်ငွေတိုးတက်မြင့်မားရေး ဘက်စုံလယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(ပထမအဆင့် မြန်မာ့စိုက်ပျိုးရေး ကဏ္ဍရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း)** | **၇,၄၉၉.၅၁၇** | | | |
| | (၁)ပေါင်းလောင်းဆည်ရေသောက်စနစ်တွင်စနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်း | ၃,၇၄၉.၇၅၉ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| | (၂)ချောင်းမငယ်ဆည်ရေသောက်စနစ်တွင်စနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်း | ၃,၇၄၉.၇၅၈ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| ၄၂ | စက်ကိရိယာတန်ဆာပလာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၁,၃၆၁.၄၅၂ | ၁,၂၈၂.၃၀၉ | ၉၄.၁၉ | |
| ၂ | **လုပ်ငန်းစီမံကိန်းသစ်များ** | **၁၃,၄၄၉.၆၅၂** | **၂,၀၄၅.၇၆၂** | **၁၅.၂၁** | |
| ၁ | ရခိုင်ပြည်နယ်၊စစ်တွေမြို့သောက်သုံးရေဖူလုံရေးအတွက် ကန်တော်ကြီး တိုးချဲ့ပြုပြင်ခြင်း | ၁,၈၆၈.၃၀၂ | ၁,၈၆၈.၃၀၂ | ၁၀၀.၀၀ | |
| ၂ | နမ့်ကျန်ရေလှောင်တမံရေပိုလွှဲမြှင့်တင်ခြင်း | ၃၀၀.၀၀၀ | ၁၀.၂၀၄ | ၃.၄၀ | |
| ၃ | သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့် ရေအား အဆောက်အအုံများ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း | ၆,၀၀၀.၀၀၀ | ၁၆၇.၂၅၆ | ၂.၇၉ | |
| ၄ | **နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ** | **၅,၂၈၁.၃၅၀** | | | |
| | **(၁) IFAD ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဆင်းရဲသားများ ဝင်ငွေတိုးတက်မြင့်မားရေးဘက်စုံလယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(ပထမအဆင့် မြန်မာ့စိုက်ပျိုးရေး ကဏ္ဍရှင်သန်နိုးကြားမှု မြှင့်တင်ခြင်းစီမံကိန်း)** | **၁၄၁.၃၅၀** | | | |
| | - စီမံကိန်းအထောက်အကူပြုသင်တန်းများနှင့် ကျွမ်းကျင်သူများပံ့ပိုးခြင်း | ၁၄၁.၃၅၀ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| | **(၂) ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်မည့်စီမံကိန်း** | **၅,၁၄၀.၀၀၀** | **၈.၅၂၁** | **၀.၁၇** | |
| | စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း | ၅,၁၄၀.၀၀၀ | ၈.၅၂၁ | ၀.၁၇ | ၂၀၁၆-၂၀၁၇ |

ဇယား (၃-၁) အဆက်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဒုတိယ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| | | | | လျာထားချက် (BE) | (အောက်တိုဘာလမှ မတ်လ) | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၃ | | လုပ်ငန်းစီမံကိန်းသစ်များ(သီးသန့်ရန်ပုံငွေ) | | ၄,၃၉၀.၆၆၄ | | |
| | | ၁ | မိုးညှိမြို့နယ်ဘုရားကြီးကုန်းခအောင်းပင်တာကမ်းရင်း တာကျိုးပေါက်အားအခိုင်အမာပြန်လည်ပိတ်ဆို့ခြင်း နှင့်ပျက်စီးမှုများပြန်လည်ပြုပြင်ခြင်း | | ၁၀၆.၃၀၀ | | ၂၀၁၆-၂၀၁၇ |
| | | ၂ | ဧရာဝတီတိုင်းအတွင်းတာမြှင့်ခြင်းနှင့်မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်း(လုပ်ငန်း-၁၇ ခု) | | ၄,၀၈၄.၃၆၄ | | ၂၀၁၆-၂၀၁၇ |
| ၂ | | | **စက်မှုလယ်ယာဦးစီးဌာန** | ၄၀,၈၈၄.၅၅၀ | ၁,၆၅၁.၁၄၄ | ၄.၀၄ | |
| | | | **လုပ်ငန်းစီမံကိန်းများ** | ၄၀,၈၈၄.၅၅၀ | ၁,၆၅၁.၁၄၄ | ၄.၀၄ | ၂၀၁၄-၂၀၁၅ |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ၃၈,၅၉၃.၃၈၂ | | | |
| | | | **(၁) ဆည်မြောင်းစနစ်ဖွံ့ဖြိုးရေးစီမံကိန်း** | | | | |
| | | | **(Development of Irrigation Schemes in Myanmar)** | | | | |
| | | | **(EXIM Bank of India Loan)** | | | | |
| | | | စက်ကိရိယာတန်ဆာပလာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၃၈,၅၉၃.၃၈၂ | | | |
| | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | ၂,၂၉၁.၁၆၈ | ၄.၀၀၀ | ၀.၁၇ | ၂၀၁၄-၂၀၁၅ |
| | | | (၁) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း | | | | |
| | | | **(Agriculture Development Support Project -ADSP)** | | | | |
| | | | **(World Bank Loan)** | | | | |
| | | | စက်ကိရိယာတန်ဆာပလာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၂,၂၉၁.၁၆၈ | ၄.၀၀၀ | ၀.၁၇ | ၂၀၁၄-၂၀၁၅ |
| ၃ | | | **စိုက်ပျိုးရေးဦးစီးဌာန** | ၂,၉၃၃.၄၇၁ | ၃၇.၇၈၆ | ၁.၂၉ | |
| | | | **လုပ်ငန်းစီမံကိန်းများ** | ၂,၉၃၃.၄၇၁ | ၃၇.၇၈၆ | | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းမံကိန်းများ** | ၁,၃၃၇.၆၁၁ | ၂၀.၇၈၆ | | |
| | | | **စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ** (ဆောက်လုပ်ရေး) | ၉၁၂.၃၅၀ | ၂၀.၇၈၆ | | |
| | | | (က) မြန်မာ့စိုက်ပျိုးရေးကဏ္ဍရှင်သန်နိုးကြားမှုမြှင့်တင်ခြင်း **စီမံကိန်း IFAD (ချေးငွေ)** | ၉၁၂.၃၅၀ | ၂၀.၄၂၄ | | ၂၀၁၄-၂၀၁၅ |
| | | | (၁)စိုက်ပျိုးရေးအသိပညာပေးဗဟိုဌာန KC(၂၀)လုံးဆောက်လုပ်ခြင်း | ၇၄၅.၃၀၀ | ၃၁-၃-၂၀၁၇ နေ့တွင်ပြန်အပ်နှံပြီး | | |
| | | | (၂)စိုက်ပျိုးရေးအသိပညာပေးဗဟိုဌာနများ လိုအပ်သောဆက်စပ်လုပ်ငန်းများ(ရေတွင်းတူး၊ ရေစင်၊ ခြံစည်းရိုးစသည်များ) | ၁၁၅.၆၅၀ | ၁၈.၈၁၂ | ၁၆.၂၇ | ၂၀၁၄-၂၀၁၅ |
| | | | (၃)အဆောက်အဦပြင်ဆင်စရိတ် | ၂၅.၇၀၀ | | | |

ဇယား (၃-၁) အဆုံး

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဒုတိယ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက် (BE) | (အောက်တိုဘာလမှ မတ်လ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | (၄)KC များအတွက်လျှပ်စစ်မီးရရှိရေးနှင့်သွယ်တန်းခြင်း | ၂၅.၇၀၀ | ၉.၆၁၂ | ၃၇.၄၀ | ၂၀၁၄-၂၀၁၅ |
| | (ခ) Farm Project | ၂၂၅.၂၆၀ | ၀.၃၆၂ | | KC Centre |
| | စက်ကိရိယာတန်ဆာပလာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၂၂၅.၂၆၀ | ၀.၃၆၂ | ၀.၁၆ | (၂၅) လုံးသာ ဆောက်လုပ်နိုင်ခဲ့သဖြင့်လျာထားငွေအားပြန်လည်အပ်နှံပြီး |
| ၂ | လုပ်ငန်းစီမံကိန်းသစ် | ၁,၇၉၅.၈၆၀ | ၉.၀၀၀ | ၀.၅၀ | |
| | စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ | | | | |
| | (က) မဟာမဲခေါင်ဒေသခွဲနိုင်ငံများအကြားအကောင်အထည်ဖော်ဆောင်ရွက်နေသောပင်မစိုက်ပျိုးရေးပံ့ပိုးမှုအစီအစဉ်အပိုင်း(၂) ADB(အကူအညီရငွေ) | ၁၉၂.၇၅၀ | ၂.၀၀၀ | ၁.၀၄ | |
| | - တစ်ဖက်ရပ်ဆည်များ (၁၀) လုံး အဆင့်မြှင့်တင်ခြင်း | ၁၉၂.၇၅၀ | ၂.၀၀၀ | ၁.၀၄ | ၂၀၁၆-၂၀၁၇ ဒုတိယအကြိမ်ထောက်ပံ့ငွေများ အချိန်မီမရရှိသည့်အတွက် ဖြစ်ပါသည်။ |
| | (ခ) စက်ကိရိယာတန်ဆာပလာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၁,၆၀၃.၁၁၀ | ၇.၀၀၀ | ၀.၄၄ | ၂၀၁၆-၂၀၁၇ |
| | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနစုစုပေါင်း | ၂၂၇,၂၄၁.၄၆၃ | ၉၈,၀၃၅.၄၁၄ | ၄၃.၁၄ | |

# ဇယား (၃-၂)
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| စဉ် | | | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | လျာထားချက် (BE) | အောက်တိုဘာလမှ မတ်လ | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | မြန်မာ့မီးရထား | ၁၄၄၁၄၈.၃၁၀ | ၂၉၇၆၃.၀၈၁ | ၂၀.၆ | |
| | ၁ | | | လုပ်ငန်းစီမံကိန်းများ | ၁၄၄၁၄၈.၃၁၀ | ၂၉၇၆၃.၀၈၁ | ၂၀.၆ | |
| | | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၁၂၃၉၀၄.၂၆၀ | ၂၅၁၀၁.၂၂၇ | ၂၀.၃ | |
| | | | | မြို့ပြအင်ဂျင်နီယာဌာန | ၁၆၁၂၅.၄၃၂ | ၁၃၂၀၇.၂၀၆ | ၈၁.၉ | |
| | | | ၁ | ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၁၁၀၀.၀၀၀ | ၁၂၄၇.၉၃၂ | ၁၁၃.၄ | |
| | | | ၂ | နေပြည်တော်ဘူတာတည်ဆောက်ရေးစီမံကိန်း | ၁၇၇.၃၇၅ | ၇၅.၈၇၆ | ၄၂.၈ | |
| | | | ၃ | ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၆၅၀.၀၀၀ | ၁၅၀.၆၇၉ | ၂၃.၂ | |
| | | | ၄ | ကွန်ကရစ်ဇလီဖားစက်ရုံများတည်ဆောက်ခြင်း | ၂.၈၉၆ | ၇.၇၁၃ | ၂၆၆.၃ | |
| | | | ၅ | ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၃၄၅.၇၅၂ | ၁၁၁.၀၉၃ | ၃၂.၁ | |
| | | | ၆ | မင်းဘူ-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၈၀၀.၀၀၀ | ၅၂၁.၃၇၆ | ၆၅.၂ | |
| | | | ၇ | ပုသိမ်-ရန်ကုန်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၂၇၀၆.၃၀၀ | ၂၃၃.၈၁၃ | ၈.၆ | |
| | | | ၈ | ဟသ်ာတ-ညောင်တုန်းရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၈၂၇.၀၄၈ | ၃၃.၅၇၅ | ၄.၁ | |
| | | | ၉ | မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်း | ၄၀၀.၀၀၀ | ၈၂၈.၀၄၆ | ၂၀၇.၀ | |
| | | | ၁၀ | ခပေါင်းတံတားတည်ဆောက်ရေးစီမံကိန်း | ၇၈.၃၃၇ | ၆၃.၈၂၈ | ၈၁.၅ | |
| | | | ၁၁ | အင်းစိန်ကားလမ်းကူးခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်း | ၂၁၅.၀၀၀ | ၈.၉၃၀ | ၄.၂ | |
| တည်နေရာ | = | မြောက်လတ္တီတွဒ်- ၉ ဒီဂရီ ၅၈ မိနစ်နှင့် ၁၅ ဒီဂရီ ၆၀ မိနစ် အတွင်း အရှေ့လောင်ဂျီတွဒ်- ၉၇ ဒီဂရီ ၄၆ မိနစ်နှင့် ၉၉ ဒီဂရီ ၄၀ မိနစ်အတွင်း |
| အကျယ်အဝန်း | = | ၁၆,၇၃၅.၅၆ စတုရန်းမိုင် ၁၀,၇၁၀,၇၅၇ ဧက |
| လူဦးရေ | = | ဦးရေ- ၁,၄၄၈ (ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ ) |
| မြို့တော် | = | ထားဝယ်မြို့ |
| ထူးခြားသောဒေသ | = | ထားဝယ်အထူးစီးပွားရေးဇုန်၊ မောင်းမကန်ကမ်းခြေ |
| ခရိုင် | = | ၃ ခရိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း |
| မြို့နယ်/ မြို့ | = | (၁၀) မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ |
| ဆက်စပ်ဒေသ | = | အရှေ့ဘက်နှင့်တောင်ဘက် တွင် ထိုင်းနိုင်ငံ၊အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ မြောက်ဘက်တွင်မွန်ပြည်နယ် |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၅၉၆,၅၃၄.၀ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁၆) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၇) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(တနင်္သာရီတိုင်းဒေသကြီး)

တနင်္သာရီတိုင်းဒေသကြီး၏ ဒုတိယ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၈၁၃,၄၇၄.၆ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၃.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဇယားဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၁၈)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(တနင်္သာရီတိုင်းဒေသကြီး)

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် လက်တွန်းထွန်စက် ၁၅ စီး ဖြန့်ဖြူးရောင်းချနိုင်ခဲ့ပြီး ထွန်ယက်ဧကလွှာ ၆,၀၅၀ ကိုဆောင်ရွက်နိုင် ခဲ့ပါသည်။ ငါးဖမ်းကွက်ပြောင်းရွှေ့ လုပ်ကိုင်ခြင်း၊ ရေယာဉ်ကြံ့ခိုင်မှုအတွက် ဒေါက်တင်ပြင်ဆင်ခြင်းတို့ ကြောင့် ငါးပုစွန်ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ သစ်မာ၊ ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာမျှော၊ မီးသွေး၊ ကြိမ်၊ ကရမက်၊ သနပ်ခါး၊  ဖာလာစေ့၊ ခနိသက်ငယ်၊ ပျားရည်၊ သစ်ခေါက် နှင့် လင်းနို့ချေးထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ ပုဂ္ဂလိကအစခန်းမှ ခဲမဖြူ အဖြိုက်နက်ရောရာ၊ မဂ္ဂနီးဒိုင်အောက်ဆိုဒ်၊ ဂေါ်ဒန်ကျောက်၊ ထုံးကျောက်နှင့် သလင်းကျောက် ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ မြိတ်မြို့နယ်စက်မှုဇုန်ရှိ လုပ်ငန်းများမှ ကုန်စည်များတိုးမြင့်ထုတ်လုပ်နိုင်ခြင်း၊ စက်မှုဇုန်ပြင်ပရှိ စားသောက်ကုန်လုပ်ငန်းများမှ ဒေသထွက်မုန့်မျိုးစုံ၊ မျှင်ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ မုန့်ဟင်းခါး၊ ငါးအအေးခန်းလုပ်ငန်းများ၊ အခြားသောရေထွက်ကုန်များတိုးမြင့်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ခရီးသွားဝန်ဆောင်မှုတွင် ပွင့်လင်းရာသီဖြစ်ပြီး  လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောကြောင့် ဘုရားဖူးခရီးသည်များ များလာခြင်း၊ ဘုရားဖူးယာဉ်နှင့် အငှားယာဉ်များ ပိုမိုပြေးဆွဲရခြင်း၊ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ ရေယာဉ်များဖြင့် ကျွန်းပတ် ခရီးသွားလာခြင်းတို့ကြောင့် တိုးတက်လာခဲ့ပါသည်။

# ပဲခူးတိုင်းဒေသကြီး




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် မှ ၁၈ ဒီဂရီ၂၀မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် မှ ၉၇ ဒီဂရီ ၁၂ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁၅,၂၁၄.၁၃ စတုရန်းမိုင် ၉,၇၃၇,၀၄၃ ဧက |
| လူဦးရေ | = | ဦးရေ - ၄,၉၀၇(ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ပဲခူးမြို့ |
| ထူးခြားအမှတ်အသား | = | ကမ္ဘောဇသာဒီ နန်းတော်ရာ မိုးယွန်းကြီးအင်း ဘောမဲ့တော |
| ခရိုင် | = | ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာ၊ သားငါး၊ စက်မှုပို့ဆောင်ရေး ကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ကရင်ပြည်နယ်၊အနောက်ဘက်တွင် ရေဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ၊တောင်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မြောက်ဘက်တွင်မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၆,၇၂၃ ,၁၉၁.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁၉) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပဲခူးတိုင်းဒေသကြီး)

ပဲခူးတိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၀၀၀,၀၀၃.၄ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၄.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၆.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၁)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပဲခူးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် နွေစပါး မျိုးသန့်မျိုးပွားမျိုးစေ့ ၄,၉၇၀ တင်း နှင့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ ၁၅၄,၂၇၃ တင်း၊ စုစုပေါင်း ၁၅၉,၂၄၃ တင်းတို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ နွေစပါး ၁,၉၈၂ ဧက ရေပေးဝေနိုင်ခဲ့ပါသည်။ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် ပဝတ္တိမျိုးဆက်ခြင်း ၁၀၀ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၁၇,၂၄၉ ဧက ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင် ဒေသန္တရစက်မှုလက်မှုလုပ်ငန်းများမှ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ခရီးသွားဝန်ဆောင်မှုတွင် ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်၍ ဘုရားဖူးခရီးသည်များ သရေခေတ္တရာမြို့ဟောင်းနှင့် ဟံသာဝတီမြို့ဟောင်းသို့ ခရီးသည်ဝင်ရောက်မှုများခြင်းကြောင့် ပုဂ္ဂလိကပို့ဆောင်ရေးမှ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု တိုးတက်ခဲ့ပါသည်။ ငွေကြေးဝန်ဆောင်မှုအနေဖြင့် ပုဂ္ဂလိကဘဏ် ၁၂ ခု နှင့် မြန်မာနိုင်ငံသား အာမခံလုပ်ငန်း ၁ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကုန်သွယ်မှုလုပ်ငန်းတွင် ရာဘာထွက်ကုန်များ၏ ဝယ်လိုအားကောင်းမွန်ခြင်းကြောင့် တရုတ်နှင့် ထိုင်းနယ်စပ်ဂိတ်များထိ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး




| | | |
|---|---|---|
| တည်နေရာ | = | အရှေ့လောင်ဂျီတွဒ် - ၉၃ဒီဂရီ၅၂မိနစ်နှင့် ၉၅ ဒီဂရီ ၅၁ မိနစ်အတွင်း<br>မြောက်လတ္တီတွဒ် - ၁၈ဒီဂရီ ၅၂မိနစ်နှင့် ၂၂ဒီဂရီ ၄၃ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ဧရိယာ ၁၇,၃၀၅.၃၂စတုရန်းမိုင် ၁၁,၀၇၅,၄၀၅ဧက |
| မြို့တော် | = | မကွေးမြို့ |
| လူဦးရေ | = | ၃,၉၄၃(ထောင်ပေါင်း)၊ (၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| ထူးခြားမှတ်သား | = | မကွေးမြသလွန်၊မင်းဘူးရွှေစက်တော်ဘုရား |
| ခရိုင် | = | ၅ ခု |
| မြို့နယ် | = | ၂၅ မြို့နယ် |
| ကျေးရွာ | = | ၄,၇၇၁ ရွာ |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊<br>အနောက်ဘက်တွင်ချင်းပြည်နယ်၊<br>ရခိုင်ပြည်နယ်၊<br>မြောက်ဘက်တွင်စစ်ကိုင်းတိုင်းဒေသကြီး၊<br>တောင်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊ |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၇,၅၅၆,၀၁၄.၈ သန်းအကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၂ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

မကွေးတိုင်းဒေသကြီး၏ ဒုတိယ(၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၄,၅၇၉,၉၆၃.၄ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၀.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၄)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဇူလိုင်လတွင် ရေကြီးခဲ့ခြင်းကြောင့် နွေစပါး ၊ နွေနှမ်း၊ မိုးနှမ်း ပဲတီစိမ်း၊ နေကြာ၊ မိုးမြေပဲ နှင့် ပဲစဉ်းငုံ စိုက်ဧက စုစုပေါင်း ၁၉,၇၃၈ ပျက်စီးခဲ့ပြီး သီးနှံထွက်ရှိမှုများ လျော့နည်းခဲ့ပါသည်။ သစ်တောပြုန်းတီးမှု ကာကွယ်ရန် သစ်ထုတ်လုပ်မှု ရပ်ဆိုင်းထားခြင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းမှ ရေနံစိမ်းအထွက် ကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံပိုင် စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများမှထုတ်လုပ်မှု ကျဆင်းသော်လည်း ပုဂ္ဂလိက အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် ဆန်၊ ဆီ၊ ပဲ ကြိတ်ခွဲမှုများ ပိုမို ထုတ်လုပ်နိုင်ခြင်း၊ ပုဂ္ဂလိက မော်တော်ယာဉ်လိုင်းများမှ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု တိုးတက်လာခြင်း၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများ ပိုမိုတိုးတက်ပြေးဆွဲခြင်း၊ ပုဂ္ဂလိကပိုင် ဆက်သွယ်ရေး လုပ်ငန်းများဖြစ်သည့် အော်ရီဒူးနှင့် တယ်လီနောတို့မှလည်း မိုဘိုင်းဖုန်း ဆင်းကဒ်များအား ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့၍ တယ်လီဖုန်း ခေါ်ဆိုခများ ပိုမိုရရှိခဲ့ပါသည်။ ပုဂ္ဂလိကဘဏ် ၇ ခု၊ သမဝါယမဘဏ် ၂ ခု တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်သည့်အလျောက် ပုဂ္ဂလိကကဏ္ဍ ကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် အသေးစား အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်လျက် ရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး




တည်နေရာ = မြောက်လတ္တီတွဒ်- ၁၉ ဒီဂရီ ၃၀မိနစ်<br>နှင့် ၂၃ ဒီဂရီ ၄၅ မိနစ်အတွင်း<br>အရှေ့လောင်ဂျီတွဒ်- ၉၄ ဒီဂရီ ၅၀မိနစ်<br>နှင့် ၉၆ ဒီဂရီ ၅၀ မိနစ်အတွင်း

အကျယ်အဝန်း = ၁,၁၉၂,၅.၉၅ - စတုရန်းမိုင်<br>၇,၆၃၂,၆၁၂ - ဧက

လူဦးရေ = ၆,၃၃၂ (ထောင်ပေါင်း)<br>(၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊<br>နှစ်လယ်လူဦးရေ)

မြို့တော် = မန္တလေး

ထူးခြားအမှတ်အသား = နန်းတော် ၊ ကျုံး

ခရိုင် = ၇ ခရိုင်

မြို့နယ် = ၂၈ မြို့နယ်

အဓိကစီးပွားရေး = လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊<br>ခရီးသွား လုပ်ငန်း

ဆက်စပ်ဒေသများ= အရှေ့ဘက်-ရှမ်းပြည်နယ်၊<br>တောင်ဘက်-နေပြည်တော်၊<br>အနောက်တောင်-မကွေးတိုင်းဒေသကြီး၊<br>အနောက်မြောက်နှင့်အနောက်-<br>စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၈,၇၃၀,၃၅၇.၆ သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၅) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၆) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ်အတွင်း စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၆၈၉,၆၈၀.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၅.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၆.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

# ပုံ (၄ - ၂၇)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

( နှစ်အလိုက်ဈေးနှုန်း )




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်အတွင်း လယ်ယာကဏ္ဍတွင် စုစုပေါင်းသီးနှံ ၁၉၂,၂၁၈ ဧက စိုက်ပျိုးခဲ့ပါသည်။ စပါး၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဂေါ်ရတ်နှင့် ကြက်သွန် စသည့် သီးနှံအထွက်များ လျော့နည်းခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင် ကျွန်းနှင့် သစ်မာ၊ ထင်း၊ မီးသွေး၊ ဝါးနှင့်လင်းနို့ချေးတို့၏ ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ သံမဏိတုံးနှင့် အလှဆင်ကျောက်(စကျင်ကျောက်)၊ ရွှေ၊ တကောင်းဖယ်ရိုနီကယ်နှင့် ထုံးကျောက် ထုတ်လုပ်မှုများလည်း လျော့နည်းခဲ့ပါသည်။ ငွေရေးကြေးရေးကဏ္ဍ ပုဂ္ဂလိကပိုင်ဘဏ်များ၏ ဝန်ဆောင်မှု တိုးတက်လာခြင်း၊ သမဝါယမငွေစုငွေချေးအသင်းများမှ ဝင်ငွေများပိုမိုရရှိလာခြင်း၊ အသေးစား ငွေချေး လုပ်ငန်းများတိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အစီရင်ခံသည့် ကာလအတွင်းတွင် ပြည်တွင်းမှ ၆၆၅,၄၄၄ ဦး နှင့် ပြည်ပမှ ၈၀၄,၀၄၉ ဦး၊ စုစုပေါင်း ၁,၄၆၉,၄၉၃ ဦး ဝင်ရောက်ခဲ့ပြီး ဟိုတယ်၊ တည်းခိုခန်း လုပ်ငန်းများနှင့် ခရီးသွား ဝန်ဆောင်မှု လုပ်ငန်းများမှ ဝင်ငွေများ တိုးတက် ရရှိခဲ့ပါသည်။

## မွန်ပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၁၄ဒီဂရီ ၅၉မိနစ်နှင့် ၁၇ဒီဂရီ၃၄မိနစ် အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၅၂မိနစ်နှင့် ၉၆ ဒီဂရီ၁၂မိနစ် |
| အကျယ်အဝန်း | = | ၄,၇၄၇.၇၆-စတုရန်းမိုင်ပေါင်း ၃,၀၃၈,၅၆၄- ဧက |
| လူဦးရေ | = | ဦးရေ - ၂,၀၂၃(ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မော်လမြိုင် |
| ထူးခြားမှတ်သား | = | ကျိုက်ထီးရိုး |
| ခရိုင် | = | ၂ ခရိုင် (မော်လမြိုင်၊ သထုံ) |
| မြို့နယ် | = | ၁၀ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ကရင်ပြည်နယ်နှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင်မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင်တနင်္သာရီတိုင်း၊ မြောက်ဘက်တွင် ပဲခူးတိုင်း |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၂၈၆,၁၂၄.၂ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၈) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၉) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

မွန်ပြည်နယ်၏ ဒုတိယ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၂၀၀,၈၅၉.၀ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၇.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၇.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၄-၃၀)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

**သုံးသပ်ချက်**

လယ်ယာကဏ္ဍမှ စက်မှုကုန်ကြမ်း သီးနှံဖြစ်သည့်ကြက်ပေါင်စေး ၄၉၃,၂၉၀ ဧကစိုက်ပျိုးခဲ့ပြီး အစေးလှီးနိုင်သည့် ဧကမှာ ၃၁၈,၇၆၉ ဧကဖြစ်ပြီး ၂၃,၅၄၈၇,၀၁၁ ပေါင်ထွက်ရှိခဲ့ပါသည်။ မိုးစပါး ၃၀၁,၄၀၇ ဧက၊ နွေစပါးနှင့် ဆောင်းသီးနှံ ၅၁,၈၄၀ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၇၈,၃၈၃.၆၅ သန်း ထုတ်ချေးနိုင်ခဲ့ပါသည် ။

စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်အခန်းမှ အမှတ် ၂၁ အကြီးစားစက်ရုံ သထုံနှင့် အမှတ် ၂၂ အထွေထွေအကြီးစားစက်ရုံ ဘီးလင်း မှ တာယာနှင့် ကျွတ် အမျိုးမျိုးထုတ်လုပ်ခြင်း၊ ခရမ့်ရော်ဘာ စက်ရုံ ပြန်လည်လည်ပတ်ခြင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မှ ရထားတွဲများပြင်ဆင်ခြင်းများ၊ ရေကြောင်းပို့ဆောင်ရေး ယာဉ်မွမ်းမံပြင်ဆင်ခြင်းများ၌ ပိုမိုဆောင် ရွက်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်း Microfinance (၁၇) ဖွဲ့မှ ငွေရေးကြေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် အသင်းဝင်ဦးရေ စုစုပေါင်း ၇၆,၁၈၅ ဦးနှင့် စုဆောင်းငွေ ကျပ်သန်း ၁,၀၅၇.၅၃ ရှိပါသည်။ ပြည်နယ်အတွင်း ၁၀ မြို့နယ်တွင် ရပ်ကွက်ပေါင်း ၇၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂၅ အုပ်စုမှ ကျေးရွာ ၁၈၃ ရွာတို့တွင် ချေးငွေထုတ်ချေးခြင်းများဆောင်ရွက်လျက်ရှိပါသည်။

# ရခိုင်ပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် မှ ၁၂ဒီဂရီ၃၀ မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ၁၀ မိနစ်မှ ၉၃ ဒီဂရီ၅၀မိနစ်အတွင်း တည်ရှိပါသည်။ |
| အကျယ်အဝန်း | = | ၁၄,၂၀၀.၀၈ စတုရန်း မိုင် ဧက ၉,၀၈၈,၀၅၃ |
| လူဦးရေ | = | ဦးရေ ၃,၂၈၃(ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ ) |
| မြို့တော် | = | စစ်တွေ |
| ထူးခြားသည့် အမှတ်အသား | = | View Point စစ်တွေ၊ ငပလီ(ကမ်းခြေ)သံတွဲ |
| ခရိုင် | = | ၅ ခရိုင် |
| မြို့နယ် | = | ၁၇ မြို့ |
| အဓိကစီးပွားရေး ကဏ္ဍာ | = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်မကွေးတိုင်း၊ပဲခူးတိုင်း၊ တောင်ဘက်တွင်ဧရာဝတီတိုင်းနှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက် တွင် ဘင်္ဂလားပင်လယ်အော်နှင့် အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ချင်းပြည်နယ် |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၄,၄၄၀,၀၇၆.၁ သန်း အကောင် အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၃၁) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၂) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

ရခိုင်ပြည်နယ်၏ ဒုတိယ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၂၈၁,၅၁၆.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၁.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၂.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၄-၃၃)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်အတွင်း မိုးစပါး၊ ဖူးစားပြောင်း၊ မြေပဲ၊ နှမ်း၊ မုန်ညှင်းစေ့ နေကြာ၊ ရေတ်ခြောက် စသည့် မိုးသီးနှံများ ထွက်ရှိမှု လျော့နည်းခဲ့ပါသည်။ မြန်မာ့ပင်လယ်ပြင်အတွင်း ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် ငါး/ပုစွန်သားပေါက်ရာသီဖြစ်၍ ငါးသယံဇာတများ ရေရှည်တိုးပွားရေး၊ မျိုးမတုန်းစေရေး အလေးထားလျက် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာများ သတ်မှတ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ရေငန်ငါးနှင့်ရေငန်ပုစွန် ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ ကမ်းလွန်သဘာဝဓါတ်ငွေ့ လျော့နည်းရခြင်းမှာ ပြည်တွင်းပြည်ပမှ ဝယ်ယူမှုအပေါ်မူတည်၍ ထုတ်လုပ်ရခြင်းကြောင့် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့ဆောက်လုပ်နိုင်ခြင်းကြောင့် လျှပ်စစ်ဓာတ်အားတိုးတက် ထုတ်လုပ်ဖြန့်ဖြူးနိုင်ခြင်းနှင့် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တောင်ကုတ်မြို့နယ်တွင် ပုဂ္ဂလိကပိုင်ဘဏ်ခွဲ ကမ္ဘောဇဘဏ်(၁)ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ဟိုတယ် ၄၆ ခုရှိပြီး ခရီးသည်ဝင်ရောက်မှုတိုးတက်လာခြင်းကြောင့် ဟိုတယ်နှင့်တည်းခိုခန်းများ၏ ဝင်ငွေများလည်း တိုးတက်ခဲ့ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်၁၆ဒီဂရီ၁၅ မိနစ်မှ ၁၇ ဒီဂရီ ၅၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ်၉၅ဒီဂရီ၄၂ မိနစ်မှ ၉၆ဒီဂရီ၄၆ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = | ၃,၉၆၇.၈၆(စတုရန်းမိုင်) |
| လူဦးရေ | = | ဦးရေ၇,၇၆၄(ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ရန်ကုန်မြို့ |
| ထူးခြားသည့် အမှတ်အသား | = | ရွှေတိဂုံဘုရား |
| ခရိုင် | = | အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင် |
| မြို့နယ် | = | ၄၅ မြို့နယ်၊ |
| အဓိကစီးပွားရေးကဏ္ဍ | = | စက်မှုလက်မှုကဏ္ဍ၊ပို့ဆောင်ရေးကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = | အရှေ့ဘက်နှင့် မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့ |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၉,၂၆၀,၇၀၈.၈ သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၃၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

ရန်ကုန်တိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၂,၃၁၄,၈၁၈.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၃.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၀.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ(၄-၃၆)

### ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

## သုံးသပ်ချက်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍသည် အရေးပါသည့်အခန်းမှ ပါဝင်လျက်ရှိပါသည်။ စက်မှုလက်မှုလုပ်ငန်းဦးရေ မှတ်ပုံတင်စာရင်းအရ အကြီးစား စက်မှုလုပ်ငန်း ၂,၇၆၇ ခု၊ အလတ်စား စက်မှုလုပ်ငန်း ၂,၀၅၂ ခု၊ အသေးစားစက်မှု လုပ်ငန်းမှာ ၁,၇၄၀ ခု နှင့် လုပ်ငန်း စုစုပေါင်း ၆,၅၅၉ ခု မှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန် တစ်ခုလုံးအနေဖြင့် ဟက်တာ ၂,၄၀၀ ရှိပါသည်။ အပိုင်း(က)တွင် ၃၉၆ ဟက်တာရှိပြီး အပိုင်း(က)၏ ပထမအဆင့်တွင် ၂၁၁ ဟက်တာ၊ ဒုတိယ အဆင့်တွင် ၁၅၀ ဟက်တာနှင့် Residential and Commercial Area မှာ ၃၅ ဟက်တာ ဆောင်ရွက်ပြီး ဖြစ်ပါသည်။ အပိုင်း(ခ)တွင် ဟက်တာ ၂,၀၀၀ ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ Air Con ရထားနှင့် အထူးတန်းတွဲများမှ ခရီးသည် ဝင်ငွေများ၊ လူစီးရထားများတွင် ချိတ်ဆွဲနေသော ပါဆယ်တွဲများ၊ ပါဆယ်တင်ပို့မှု ပိုမိုလာခြင်းတို့ကြောင့် ဝင်ငွေ တိုးတက်လာပါသည်။ ကုန်းလမ်းပို့ဆောင်ရေးတွင် ပြင်ပပုဂ္ဂလိက ကုမ္ပဏီများဖြင့် ဖက်စပ်လုပ်ကိုင်

ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဝင်ငွေတိုးတက်လာပါသည်။ တယ်လီဖုန်းခေါ်ဆိုခ၊ တယ်လီဖုန်းတပ်ဆင်ခ(ငှားရမ်းခ) များ၊ e-telegram ကြေးနန်းလုပ်ငန်း၊ စာပို့ တံဆိပ်ခေါင်း ရောင်းချခြင်း၊ အမြန်ချောပို့လုပ်ငန်း၊ ငွေပို့လွှာလုပ်ငန်းတို့မှ ဝင်ငွေများတိုးတက်ခဲ့ပါသည်။ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေများ၊ အတိုးရငွေများ၊ အသေးစားချေးငွေလုပ်ငန်းများ၊ အာမခံလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

## ရှမ်းပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်၁၉ ဒီဂရီ ၂၈ မိနစ် မှ ၂၄ ဒီဂရီ ၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ်၉၆ ဒီဂရီ ၁၅ မိနစ်မှ၁၀၁ ဒီဂရီ ၁၃ မိနစ် |
| အကျယ်အဝန်း | = | ၆၀,၁၅၅.၂၃ စတုရန်းမိုင်၊ ၃၈,၄၉၉,၃၄၅ ဧက |
| လူဦးရေ | = | ဦးရေ ၆,၀၉၄ ထောင်ပေါင်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = | တောင်ကြီးမြို့ |
| ခရိုင် | = | ၁၃ခရိုင် |
| မြို့နယ် | = | ၅၅ မြို့နယ် |
| ထူးခြားမှတ်သား | = | အင်းလေးကန် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာ၊ သားငါး၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ ပို့ဆောင်ရေး၊ |
| ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း | = | '၀' |
| ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ | = | ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့် |
| ဆက်စပ်ဒေသများ | = | မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်တွင်ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင်ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၄,၈၉၈,၉၈၉.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၃၇) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၈) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

ရှမ်းပြည်နယ်၏ ဒုတိယ(၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၁၄၃,၈၀၆.၄ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၄.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၃.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၉)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

**သုံးသပ်ချက်**

ဒုတိယ(၆)လပတ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေအရ တန်ဖိုးဝင်ကျွန်းနှင့်သစ်မာထုတ်လုပ်မှုကို အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် မီးလင်းရေးစသည့်တို့မှ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများ ယခင်နှစ်ထက်တိုးချဲ့ပြေးဆွဲခြင်း၊ နယ်စပ်ဒေသများတွင် ကုန်စည်ဂိတ်များရှိခြင်းကြောင့် ကုန်သွယ်ရေးမြို့ဖြစ်သောဒေသများတွင် ပို့ဆောင်ရေးလမ်းကြောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်ခွဲများမှ ငွေလွှဲငွေပို့ခများ၊ အတိုးရငွေများ ပိုမိုရရှိလာခြင်း၊ ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းဖြစ်သော (Pract Global Microfinance Fund) မှလည်း လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်လာနိုင်ခြင်းကြောင့် ဝင်ငွေများ တိုးတက်လာရခြင်းဖြစ်ပါသည်။ အလည်အပတ်သွားလာနိုင်သော နေရာများပေါများခြင်းကြောင့် နိုင်ငံခြားသားခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်ခြင်း တို့ကြောင့် ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်းများမှ ဝင်ငွေများတိုးတက်လာခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး




| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ်မှ ၁၈ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ်မှ ၉၆ ဒီဂရီ ၁၅ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = ၁၃,၅၂၅.၈၈ စတုရန်းမိုင် ၈,၆၅၆,၅၆၄ ဧက |
| လူဦးရေ | = ဦးရေ - ၆,၂၆၇ (ထောင်ပေါင်း) (၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = ပုသိမ် |
| ထူးခြားသည့် အမှတ်အသား | = ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေ |
| ခရိုင် | = ၆ ခရိုင် (ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ လပွတ္တာ) |
| မြို့နယ် | = ၂၆ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍ | = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ခရီးသွားလုပ်ငန်း |
| ဆက်စပ်ဒေသများ | = အရှေ့ - ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီး<br>အနောက် - ဘင်္ဂလားပင်လယ်အော်<br>တောင် - ကပ္ပလီပင်လယ်<br>အနောက်မြောက် - ရခိုင်ပြည်နယ်<br>မြောက် - ပဲခူးတိုင်းဒေသကြီး |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၀,၃၅၈,၄၅၇.၉ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

ဧရာဝတီတိုင်းဒေသကြီး၏ ဒုတိယ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၆၃၅,၉၅၂.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၅၄.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၄၂)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် မိုးရာသီရေကြီးရေလျှံမှုများကြောင့် မိုးစပါးအထွက်နှုန်း၊ မိုးနှောင်းကာလ မိုးရွာသွန်းမှု များခြင်းကြောင့် မြေပဲအထွက်နှုန်းများ လျော့နည်းခဲ့ပါသည်။ ဆောင်းနှမ်း စိုက်ပျိုးချိန်နောက်ကျခြင်း၊ ပန်းပွင့်ချိန် အစိုဓာတ်နည်းခြင်းတို့ကြောင့် ဆောင်းနှမ်း အထွက်နှုန်းများ လျော့နည်းခဲ့ပါသည်။ ယခင်နှစ်ထက် ကမ်းဝေးငါးဖမ်းသင်္ဘော ၂၀ စီး လျော့နည်းခြင်း၊ ရေငန်ငါးပုစွန် အထိအမိ လျော့နည်းခြင်းနှင့် ရာသီဥတုဆိုးဝါးခြင်းတို့ကြောင့် ငါးပုစွန်ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

သစ်ထုတ်လုပ်မှုကို အကန့်အသတ်ဖြင့် ခွင့်ပြုထားခြင်းကြောင့် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတို့မှ သစ်ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။

လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ခွင့်ပြုလုပ်ငန်းပေါင်း ၆၃ ခုအား ဆောင်ရွက်လျက်ရှိပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာတမံများတောင့်တင်း ခိုင်မာအောင်ပြန်လည်ပြုပြင်ခြင်း၊ အဆောက်အဦပြင်ဆင်ခြင်းနှင့် ရေနုတ်မြောင်း၊ ရေတံခါးလုပ်ငန်းများဆောင်ရွက်ခြင်း၊ တည်ဆောက်ရေး (၉) လုပ်ငန်းဌာနမှ ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လပွတ္တာခရိုင်တွင်း တာတမံများပုံစံကျ ပြန်လည်တည်ဆောက်ခြင်း၊ ရွှေးမြစ်နှင့်ပြာမလော့မြစ်ကြား ရေငန်တာ ပြုပြင်ခြင်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ မအူပင်ခရိုင် ပန်းလှိုင်မြစ် တူးဖော်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့အာမခံလုပ်ငန်းမှ အသက်အာမခံလုပ်ငန်း၊ သူတစ်ပါး ထိခိုက်မှုအာမခံလုပ်ငန်း၊ မီးနှင့်အထွေထွေ အာမခံလုပ်ငန်း၊ ရေကြောင်းအာမခံလုပ်ငန်း၊ ခရီးသွားအာမခံလုပ်ငန်းတို့၏ ဝင်ငွေများ ပိုမိုခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ မတ်လကုန်အထိ မိုးသီးနှံနှင့် ဆောင်းသီးနှံ စိုက်ပျိုးရေးစရိတ်ချေးငွေ ကျပ် ၁၃,၁၅၉.၆ သန်းကို ထုတ်ချေးနိုင်ခဲ့ပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်



| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၈မိနစ်မှ ၂၀ဒီဂရီ၂၅မိနစ်အတွင်း၊အရှေ့လောင်ဂျီတွဒ်၉၅ ဒီဂရီ၉၆ မိနစ်မှ၉၆ ဒီဂရီ၄၅ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁,၇၄၃,၈၄၄ဧက၊ ၂,၇၂၄.၇၆ စတုရန်းမိုင် |
| လူဦးရေ | = | ဦးရေ - ၁,၂၁၇ (ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = | နေပြည်တော် |
| ခရိုင် | = | ၂ခရိုင်၊ဥတ္တရခရိုင်၊ဒက္ခိဏခရိုင် |
| မြို့နယ် | = | ၈မြို့နယ် |
| ထူးခြားအမှတ်အသား | = | ပြည်သူ့လွှတ်တော်အဆောက်အဦ၊ ရေပန်းဥယျာဉ် |
| အဓိကစီးပွား | = | လယ်ယာ၊ဆောက်လုပ်ရေး၊ငွေရေးကြေးရေး |
| ဆက်စပ်သည့်ဒေသများ | = | မြောက်ဘက်တွင် -ရမည်းသင်းမြို့နယ် အရှေ့ဘက်တွင် -ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ တောင်ဘက်တွင် - သံတောင်မြို့နယ်၊ ရေတာရှည်မြို့နယ် အနောက်ဘက်တွင်- ဆင်ပေါင်ဝဲမြို့နယ် တောင်တွင်းကြီးမြို့နယ် |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၇၀၅,၁၉၄.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၃.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၄၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၃၇၄,၃၂၆.၂ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၈.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၅.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၄၅)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်)။

**သုံးသပ်ချက်**

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အခန်းမှ ကျွန်းနှင့် သစ်မာထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေမှာ ၆၅၈ ခုရှိပြီး စားသောက်ရေးလုပ်ငန်းများ၊ နေထိုင်ရေးလုပ်ငန်းများ၊ ဓာတ်သတ္တုပစ္စည်း လုပ်ငန်းများနှင့် အထွေထွေ စက်မှုလုပ်ငန်းများဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။ ပင်မဓာတ်အားခွဲရုံ ၄ ရုံ၊ ဓာတ်အားခွဲရုံ ၂,၅၃၂ ရုံ တို့မှ တပ်ဆင်အား (အမ်ဗွီအေ) ၁,၇၄၅.၅၀၀ ကို မဟာဓာတ်အားလိုင်း ကွန်ယက် ချိတ်ဆက်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ သို့ ဓာတ်အားဖြန့်ဖြူး ပေးလျက်ရှိပါသည်။ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပ ခရီးသွားများ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရန် သဘာဝအခြေခံ ခရီးစဉ်များ၊ ဘုရားဖူးအစီအစဉ်များ၊ Land Mark အထင်အရှား နေရာများ၊ နယ်မြေအတွင်း အစည်းအဝေးများ၊ ကွန်ဖရင့်များ ကျင်းပခြင်း၊ ပြပွဲများ ခင်းကျင်းပြသခြင်း စသည့် အစီအစဉ်များ ဆောင်ရွက်ပေးခဲ့ပါသည်။

## အခန်း(၅)
## ပြည်ပအကူအညီ အထောက်အပံ့ ရရှိမှု

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားရေး တည်ဆောက်ရန် လိုအပ်သော ငွေကြေးအရင်းအနှီးကို နိုင်ငံတွင်းရှိ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုအပြင် ရရှိနိုင်သည့် အခြားအရင်းအမြစ်တစ်ရပ်မှာ နိုင်ငံခြား အကူအညီအထောက်အပံ့များ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတော်ဘတ်ဂျက် တစ်ခုတည်းဖြင့်သာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတကာ အကူအညီအထောက်အပံ့များလည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံခြားအကူအညီ အထောက်အပံ့များကို အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လက်ခံရရှိခဲ့ပါသည်။ သို့ရာတွင် ကုလသမဂ္ဂဆိုင်ရာအဖွဲ့များ၏အကူအညီသည် အဓိက နိုင်ငံခြားအကူအညီဆိုင်ရာ အရင်းအမြစ်အဖြစ် အချိန်ကာလတစ်ခုအထိ ရပ်တည်ခဲ့ပါသည်။

နိုင်ငံ၏ ပွင့်လင်းပြောင်းလဲလာသည့် အနေအထားများအရ ၂၀၁၁ ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော်လာသည့် နိုင်ငံရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်မှုနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ တိုးတက်မှုများ၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့် ပြည်သူဗဟိုပြု စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအမျိုးမျိုးကြောင့် အလှူရှင်နိုင်ငံ အဖွဲ့အစည်း အရေအတွက်သည်လည်း တစ်စတစ်စ တိုးတက်လာပြီ ဖြစ်ပါသည်။ သို့ပါ၍ ထိုသို့သော အကူအညီအထောက်အပံ့အရပ်ရပ်ကို အပြည်ပြည်ဆိုင်ရာ အလှူရှင်များနှင့် အသုံးပြုမည့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများပါဝင်သည့် နှစ်ဖက်ညှိနှိုင်းမှုများဖြင့် စနစ်ကျနစွာ ပြုလုပ်လက်ခံခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ပြုလုပ်နေပါသည်။

ထိုသို့ပြုလုပ်နိုင်ရန် နိုင်ငံတကာက ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ပြည်သူများ ထိရောက်စွာ အကျိုးရှိစေရေးအတွက် မြန်မာနိုင်ငံနှင့် မိတ်ဖက်အဖွဲ့အစည်းများ အချင်းချင်း ညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှု အကူအညီ ရယူခြင်းနှင့် အသုံးပြုခြင်းတို့ ဆောင်ရွက်ရာတွင် ပွင့်လင်း မြင်သာမှုရှိခြင်း၊ ထိရောက်စွာ အသုံးပြုခြင်းနှင့် တာဝန်ခံခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌ အဖြစ် ပါဝင်သည့် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit- DACU) ကို ၆-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit- DACU) ၏ အတွင်းရေးမှူးရုံးအဖြစ် တာဝန်ယူ၍ နိုင်ငံတော်၏ လူမှု-စီးပွား ဖွံ့ဖြိုးမှုအတွက် ပြည်ပ ငွေကြေးနှင့် နည်းပညာအကူအညီ၊ အထောက်အပံ့များ ရရှိရေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေး တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့နှင့် နည်းပညာစီမံချက်များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အတွင်း စီမံချက် အရေ အတွက် ၁၀၇ ခု ဖြင့် အမေရိကန်ဒေါ်လာ ၃၄၅.၂၄ သန်း ရရှိရေးအတွက် ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်းများမှ အကူအညီပေးမည့် အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးနိုင်အောင် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပြည်ပအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီ ရရှိမှုကို အောက်ပါအတိုင်း အမျိုးအစား (၃) မျိုးခွဲ၍ တင်ပြအပ်ပါသည်။

**(က) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအလိုက် ပြည်ပ အကူအညီအထောက်အပံ့ရရှိမှု**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း စီမံချက်အရေအတွက် ၁၀၇ ခု အတွက် **အမေရိကန်ဒေါ်လာ ၃၄၅.၂၄ သန်း** ရရှိရန် ပြည်ထောင်စုဝန်ကြီးဌာန ၁၁ ခု၊ အဖွဲ့ အစည်း ၁ ခု နှင့် တိုင်းဒေသကြီး ၂ ခု တို့မှ သက်ဆိုင်ရာ အဖွဲ့ အစည်းများနှင့် လက်မှတ်ရေးထိုး ၍ လုပ်ငန်းစီမံချက်များ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ပအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီရရှိအောင် ဆောင်ရွက်နိုင်မှု အခြေအနေကိုဇယားဖြင့် ဖော်ပြအပ်ပါသည်။ လုပ်ငန်းစီမံချက်စာရင်းများအား **ပူးတွဲ** ဖြင့် တင်ပြ အပ်ပါသည်။

ဇယား - (၅-၁)

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း

ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့်တိုင်းဒေသကြီးများမှ

ပြည်ပ အကူအညီ အထောက်အပံ့ ရရှိအောင် ဆောင်ရွက်မှု အခြေအနေ

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | စီမံချက် | စီမံချက် တန်ဖိုး (USD )သန်း |
|---|---|---|---|
| ၁ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် | ၁ | နည်းပညာ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၁ | ၈.၉၅ |
| ၃ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း | ၁၆ | ၉၆.၇၃ |
| ၄ | နယ်စပ်ရေးရာ | ၁ | ၅.၅၀ |
| ၅ | ပညာရေး | ၉ | ၁.၃၅ |
| ၆ | လျှပ်စစ်နှင့်စွမ်းအင် | ၁ | ၁.၂၀ |
| ၇ | ပြည်ထဲရေး | ၅ | ၃၄.၂၈ |
| ၈ | ကျန်းမာရေးနှင့်အားကစား | ၃၁ | ၇၇.၁၈ |
| ၉ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁ | နည်းပညာ |
| ၁၀ | ပြန်ကြားရေး | ၁ | နည်းပညာ |
| ၁၁ | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၈ | ၈.၆၀ |
| ၁၂ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၄ | ၁၄.၃၄ |
| ၁၃ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁၇ | ၉၇.၁၁ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၁ | နည်းပညာ |
| | **စာရင်းပေါင်းချုပ်** | **၁၀၇** | **၃၄၅.၂၄** |

ဇာစ်မြစ် - ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ

## ပုံ - (၅-၁)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီ အထောက်အပံ့ရရှိအောင် ဆောင်ရွက်မှုအခြေအနေ




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ။

### (ခ) နိုင်ငံ/အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အတွင်း စီမံချက်အရေအတွက် ၁၀၇ ခု အတွက် နိုင်ငံ ၁၇ နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းတို့မှ **အမေရိကန်ဒေါ်လာသန်း ၃၄၅.၂၃ သန်း** ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံနှင့်အဖွဲ့အစည်းများအလိုက်ပြည်ပအကူအညီအထောက်အပံ့နှင့်နည်းပညာအကူအညီ ရရှိမှုများကို ဇယားဖြင့် ဖော်ပြအပ်ပါသည် -

ဇယား - (၅-၂)
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း
နိုင်ငံနှင့်အဖွဲ့အစည်းများအလိုက်
ပြည်ပ အကူအညီ အထောက်အပံ့ ရရှိအောင် ဆောင်ရွက်မှု အခြေအနေ

| စဉ် | နိုင်ငံ/အဖွဲ့အစည်း | စီမံချက် | စီမံချက်တန်ဖိုး (USD)သန်း |
|---|---|---|---|
| ၁ | အီးယူ | ၃ | ၆၇.၇၃ |
| ၂ | ဂျာမနီ | ၄ | ၂၂.၄၀ |
| ၃ | ဂျပန် | ၁၈ | ၂၇.၂၀ |
| ၄ | အမေရိကန် | ၂ | နည်းပညာ |
| ၅ | စင်ကာပူ | ၁ | နည်းပညာ |
| ၆ | ဆွစ်ဇာလန် | ၁ | ၅.၅၀ |
| ၇ | ဆွီဒင် | ၁ | နည်းပညာ |
| ၈ | မလေးရှား | ၁ | နည်းပညာ |
| ၉ | ကိုရီးယား | ၄ | ၃.၈၀ |
| ၁၀ | ကမ္ဘောဒီးယား | ၁ | နည်းပညာ |
| ၁၁ | ကနေဒါ | ၂ | ၀.၆၆ |
| ၁၂ | ဒိန်းမတ် | ၁ | ၁.၂၀ |
| ၁၃ | အိန္ဒိယ | ၁ | နည်းပညာ |
| ၁၄ | အီတလီ | ၁ | နည်းပညာ |
| ၁၅ | တရုတ် | ၁ | ၀.၇၄ |
| ၁၆ | ပြင်သစ် | ၂ | ၁၇.၂၆ |
| ၁၇ | ထိုင်း | ၅ | နည်းပညာ |
| ၁၈ | ကမ္ဘာ့ဘဏ် | ၂ | ၁၁.၂၀ |
| ၁၉ | အာရှဖွံ့ဖြိုးရေးဘဏ် | ၂ | ၂.၅၀ |
| ၂၀ | ကုလသမဂ္ဂအဖွဲ့အစည်း | ၆ | ၃၅.၄၇ |
| ၂၁ | နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ | ၄၆ | ၁၄၉.၅၉ |
| | **စာရင်းပေါင်းချုပ်** | ၁၀၇ | ၃၄၅.၂၄ |

ဇာစ်မြစ် - ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ

## ပုံ (၅-၂)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း နိုင်ငံနှင့်အဖွဲ့အစည်းများအလိုက် ပြည်ပ အကူအညီအထောက်အပံ့ရရှိအောင် ဆောင်ရွက်မှုအခြေအနေ




စာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ။

**(ဂ) ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု။**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း နိုင်ငံခြားအကူအညီ အထောက်အပံ့ ရရှိမှုမှာ သဘာဝဘေး ၁၃%၊ လျှပ်စစ် ၁% ၊ အရေးပေါ် ၃% ၊ ပတ်ဝန်းကျင် ၁% ၊ ကျန်းမာရေး ၂၃% ၊ အခြေခံအဆောက်အဦ ၆%၊ စားဝတ်နေရေး ၉% ၊ လူမှုရေး ၄၄% တို့ဖြစ်ပါသည်။

## ပုံ (၅-၃)
## ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု




စာစ်မြစ်။ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ။

**နိဂုံး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများကို ရေးဆွဲလျက် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်အသီးသီးသို့ တင်ပြပြီး အတည်ပြု ပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။ အကောင်အထည်ဖော်ရာတွင်လည်း ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ ဆောင်ရွက်ခဲ့ပါသည်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သောအစဉ် အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်ကိုချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးမူဝါဒများနှင့်အညီ ဦးစားပေး အစီအစဉ်များ ချမှတ် ဆောင်ရွက်ခဲ့ပါသည်။

ပြည်သူများအတွက် အမြန်ဆုံးအကျိုးရှိစေမည့် စီမံကိန်းများ၊ လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခဲ့သည့်အပြင် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ပိုမိုထိရောက် စေရေးအတွက် ဌာနတစ်ခုနှင့်တစ်ခုအပြန် အလှန်ချိတ်ဆက်ကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေ မရှိသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့ပေါ့ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

တစ်ပြိုင်တည်းမှာပင်၊ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တွင် NCA လက်မှတ် ရေးထိုးခြင်းမရှိသေးသည့် အဖွဲ့များ ပါဝင်လာရေး နိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်ခြင်းဆောင်ရွက် ခဲ့သည့်အပြင် ဒေသအလိုက်၊ လူမျိုး အလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပခဲ့ပြီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ကျင်းပ နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံပိုင်တပ်ဆင်ထားသည့် လျှပ်စစ်ဓာတ်အားအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန်တွင် တပ်ဆင်ထားသည့် အင်အား ၅,၄၃၇ မဂ္ဂါဝပ် ရှိပြီး၊ ပြည်တွင်း လျှပ်စစ် ဓာတ်အား သုံးစွဲမှုမှာ ကီလိုဝပ်နာရီ ၉,၄၉၂.၈ သန်းဖြစ်ပါသည်။ လျှပ်စစ်မီးရရှိသော ကျေးရွာ များမှာ ဒုတိယ (၆)လ ပတ်ကုန်တွင် ၃၁,၇၂၈ ရွာမီးလင်းပြီး ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၅,၉၆၉.၇ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၉,၇၄၂.၄ သန်းဆောင်ရွက် နိုင်ခဲ့သဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၅,၇၁၂.၁ သန်း ဖြစ်ပေါ် ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း ပြည်ပပို့ကုန် အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ တို့ဖြစ်ပြီး၊ ပြည်ပသွင်းကုန် အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါ သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံခဲ့သည့် နိုင်ငံ(၂၃)နိုင်ငံ မှ လုပ်ငန်း (၉၁) ခုတွင် အမေရိကန်ဒေါ်လာ ၅,၄၁၂.၁ သန်း ခွင့်ပြုခဲ့ပြီး၊ အများဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှာ စင်္ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ ၊ ဗြိတိန် နိုင်ငံတို့ ဖြစ်ပါသည်။

အစီရင်ခံသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် လယ်ယာထွက် သီးနှံများအတွက် ကျဆင်းခြင်းကြောင့် လယ်ယာကဏ္ဍလျော့နည်း ခဲ့သော်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်း၊ အသေးစားနှင့် အလတ်စားထုတ်လုပ်မှု လုပ်ငန်းငယ်များ၏ ထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန် လာသည်နှင့်အမျှ ပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများ ပြန်လည် လုပ်ငန်းလုပ်ကိုင်လာခြင်း၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ လိုက်လျောညီထွေ ထိန်းကျောင်းနိုင်ခြင်းတို့ကြောင့် စုစုပေါင်း ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)မှာ ယခင်နှစ် အလားတူ ကာလဖြစ်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ဒုတိယ (၆) လပတ်ထက် ၆.၁ ရာခိုင်နှုန်းတိုးတက် ခဲ့ကြောင်းတင်ပြအပ်ပါသည်။